အရိယ သစ္စာန ဒဿနံ စေတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၃၇)



ရှမ်းပြည်နယ် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို ဖူးတွေ့ရစဉ်။

(သတင်းစဉ်)

ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး၏ ပုံစံငယ်ကို ဖူးတွေ့ရစဉ်။

(သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဒုမကွဲသိုက်မပျက်အစဉ်ထာဝရတည်တံ့ခိုင်မြဲရေးရည်မှန်း မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီး ပင်လုံမြို့ဝိကာသိနီကုန်းတော်၌တည်ထား အလယ်မဏ္ဍပ်ခြင်းမပါအမိုးခုံးလိုဏ်ခံထူးခြားသောပုံသဏ္ဌာန်ရှိသည့်စေတီတော်ကြီးဖြစ် ခေတ်မီနည်းပညာများ၊ခေတ်မီတည်ဆောက်ရေးနည်းစနစ်များ အသုံးပြုတည်ဆောက်လျက်ရှိ

ရန်ကုန် မေ ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လိုက်ပါလျက် မေ ၂၅ ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ် လွိုင်လင်မြို့မှတစ်ဆင့် အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဒေါ်မြင့်မြင့်သောင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်နှင့် အစုအဖွဲ့အသီးသီးမှသဘာပတိအဖွဲ့ဝင်များညှိနှိုင်း

အမျိုးသားညီလာခံ

ရန်ကုန် မေ ၂၆

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ဦးဆောင်သော ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးမှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီအစည်းအဝေးခန်း၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ▼

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၂၇ ရက်)

အရည်အသွေးမြင့် ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာ တိုးတက်ပြောင်းလဲမှုများနှင့် ဆီလျော်ညီညွတ်စွာ နိုင်ငံတော်အတွင်း ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ နယ်ပယ်ကဏ္ဍစုံ၌ တိုးတက်ဖြစ်ထွန်းနေစေရန်နှင့် မိမိနိုင်ငံ မိမိတည်ဆောက်နိုင်စွမ်းရှိသည့် အရည်အသွေးမြင့်မားသော စက်မှုပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ သိပ္ပံပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရေး ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့် နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ သိပ္ပံနှင့်နည်းပညာရပ်နယ်ပယ်စုံတွင် တိကျခိုင်မာသည့် ရည်မှန်းချက်များထားရှိပြီး အနာဂတ်အတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံအတွင်းတွင် လေကြောင်းနှင့် အာကာသပညာရပ်များ၊ ရေကြောင်းပညာရပ်များ တိုးတက်ဖြစ်ထွန်းလာစေရေး၊ လေယာဉ်တည်ဆောက်ရေးနှင့် ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ဗိသုကာပညာရှင်များနှင့် တည်ဆောက်ရေးအင်ဂျင်နီယာများ၊ လေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးတို့နှင့် နီးနွယ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် သက်ဆိုင်ရာတက္ကသိုလ်များ ထူထောင်သွားရန် လမ်းညွှန်ခဲ့သည်နှင့် အညီ နိုင်ငံတကာအဆင့်မီ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ ပေါ်ထွန်းလာခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို မေလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်–

“ဤတက္ကသိုလ်ကြီးနှစ်ခုသည် နိုင်ငံတော်၏ အနာဂတ်တွင် စက်မှုနိုင်ငံကြီး ထူထောင်ရေးအတွက် လိုအပ်နေသောပညာရှင်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးသွားမည်ဖြစ်ရာ နိုင်ငံတော်အတွက် အလွန်အရေးပါသည့် တက္ကသိုလ်ကြီးများပင် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဤတက္ကသိုလ်ကြီးများမှ ပေါ်ထွန်းလာမည့် ဘွဲ့ရလူငယ်များအတွက် နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ထိုက်တန်စွာ ပါဝင်ဆောင်ရွက်နိုင်မည့် အစီအမံများ စီမံထားရှိပြီးဖြစ်ကြောင်း”

ပြောကြားသွားသည်။

ယခုအခါ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးကို ခေတ်မီခံ့ညားထည်ဝါသော အဆောက်အအုံများဖြင့် သန်လျင်မြို့ သီလဝါဒေသ၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။ အလားတူပင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကြီးကိုလည်း မိတ္ထီလာမြို့၌ တည်ဆောက်လျက်ရှိရာ အဆောက်အအုံများ အထိုက်အလျောက်ပြီးစီးနေပြီဖြစ်၍ အချို့သောသင်တန်းများကို ပြောင်းရွှေ့ဖွင့်လှစ်လျက်ရှိသည်။

အထူးသဖြင့် သင်ကြားရေးအပိုင်းတွင် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြစ်စေရေး၊ အရည်အချင်းပြည့်ဝပြီး အတွေ့အကြုံရင့်ကျက်သည့် ဆရာများအလုံအလောက်ရရှိရေး၊ ခေတ်မီသင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းများ၊ လေ့ကျင့်ရေးပစ္စည်းများ၊ ရည်ညွှန်းစာအုပ်စာတမ်းများ ပြည့်ပြည့်စုံစုံရရှိရေးတို့အတွက် ကော်မတီများဖွဲ့စည်းပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက မြင့်မားသော ရည်မှန်းချက်များဖြင့် ထူထောင်ပေးထားသော တက္ကသိုလ်ကြီးများဖြစ်သည်နှင့်အညီ တာဝန်ရှိသူအသီးသီးနှင့် ဆရာ ဆရာမများအားလုံးတို့က နိုင်ငံတော်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက် မိမိတို့တက္ကသိုလ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့်ပြည့်စုံသည့် တက္ကသိုလ်ကြီးများဖြစ်ရေး၊ အရည်အသွေးမြင့်မားသည့် ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဝိနည်းရေးဖြေအာဂုံပြန်စာပြန်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနယာနုဂ္ဂဟ အသင်းက ကြီးမှူး၍ မော်လမြိုင်မြို့ မောင်ငံနယ်မြေရှိ မဟာမြိုင်ပရိယတ္တိစာသင်တိုက်၌ နှစ်စဉ်ကျင်းပမြဲ ဖြစ်သည့် နှစ်(၁၀၀)ပြည့် ဝိနည်းရေးဖြေအာဂုံပြန်စာပြန်ပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ၄ ရက် တိုင်တိုင်စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ ယင်းစာမေးပွဲသို့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သံဃာတော်အပါး ၈၀၀ တို့ ဝင်ရောက်ဖြေဆိုကြမည် ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူလာကြမည့် နာယက ဆရာတော်ကြီးများ၊ စာဖြေ ကြီးကြပ်ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူတို့သည် စာဖြေပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးထွန်းနောင် ဖုန်း–၀၅၇–၂၂၃၅၇ နှင့် စာရင်းစစ်ဦးစံတင် ဖုန်း–၀၅၇–၂၁၈၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဒေါက်တာကျော်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့ကျန်းမာရေးညီလာခံတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ခေါင်းဆောင်သည့် မြန်မာကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် (၅၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ရန် မေ ၁၆ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ရောက်ရှိပြီး မွန်းလွဲ ၂ နာရီခွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အရှေ့တောင်အာရှဒေသနိုင်ငံများမှ ညီလာခံတွင် စုပေါင်းရပ်တည်ရမည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

မေ ၁၇ ရက်တွင်(၅၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ မြန်မာနိုင်ငံက Credentials Committee တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ရန် ရွေးချယ်ခြင်းခံရသည်။

ပါဝင်ဆွေးနွေး

မေ ၁၈ ရက်တွင် မြန်မာကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဒေါက်တာကျော်မြင့်သည် စားပွဲဝိုင်းဆွေးနွေးပွဲ (Round Table Discussion)တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၀၅ ခုနှစ်တွင် အေအိုင်ဒီအက်စ်ဝေဒနာရှင် သုံးသန်းအား ဆေးဝါးများဖြင့် ကုသပေးနိုင်ရေးအတွက် ကျန်းမာရေးစနစ်ကို အင်အားဖြည့်တင်း ဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

မြန်မာကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မေ ၁၉ ရက်တွင် (၅၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ စုံညီအစည်းအဝေး၌ မိန့်ခွန်းပြောကြားရာ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး၊ ဝေဒနာရှင်များအား ပြုစုစောင့်ရှောက် ကုသမှုပေးရေးနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ညီလာခံစုံညီအစည်းအဝေး

ဆက်လက်၍ မေ ၂၀ ရက်မှ ၂၂ ရက်အထိ ကမ္ဘာ့ကျန်းမာရေးညီလာခံ အစီအစဉ်အရ ကော်မတီ(အေ)တွင် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် ကော်မတီ(ဘီ)တွင် ဘဏ္ဍာရေးနှင့်အုပ်ချုပ်မှုဆိုင်ရာ အစည်းအဝေးများ၊ ညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

မေ ၂၀ ရက်တွင် အရှေ့တောင်အာရှဒေသ နိုင်ငံများ၌ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အဖြစ် ချီးမြှင့်သောဆု (World No Tobacco Day Award) ကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရရှိကြောင်း ကြေညာသည်။

မြန်မာကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌတို့၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ဆောင်ရွက်နေမှုများနှင့် ကုသရေးလုပ်ငန်းများတွင် အဆင့်အတန်းမြင့်မားစွာ ဆောင်ရွက်နေမှုအစီအစဉ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံချက်လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra နှင့် ဆွေမျိုးမိတ်သဂ်ဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသော ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်၊ ညွှန်ကြားရေးမှူး(နိုင်ငံခြားဆက်သွယ်ရေး) ဒေါက်တာဖေသက်ထွန်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

❐ *ကျောဖုံးမှ*

ကျောင်းတိုက် ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပည့်ဒါယကာဒါယိကာမအလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်နာယကချုပ် ဓမ္မာစရိယသင်တန်းနည်းပြဆရာတော် (သ–စ–အ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသနှင့် နာယကချုပ် ဓမ္မာစရိယ သင်တန်းနည်းပြဆရာတော် (သ–စ–အ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသတို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်နာယကချုပ် ဓမ္မာစရိယသင်တန်းနည်းပြ ဆရာတော် (သ–စ–အ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တာဘိဝံသက ဩဝါဒအနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါဆဋ္ဌမအကြိမ် နွေရာသီဓမ္မာစရိယသင်တန်းကို ၂၀၀၄ခုနှစ် ဧပြီ ၂၄ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ပြီး သင်တန်းသား သံဃာတော်များနှင့် သင်တန်းသူသီလရှင် စုစုပေါင်း အပါး ၁၂၆၀တို့ တက်ရောက်တော်မူခဲ့ကြကြောင်း သိရသည်။**(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် နွေရာသီဓမ္မာစရိယသင်တန်းဆင်းပွဲအခမ်းအနားတွင် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် ဓမ္မာစရိယ သင်တန်းနည်းပြဆရာတော်(သ–စ–အ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

မွန်မြတ်သည့်လမ်း အတူလျှောက်လှမ်းစို့

❖ ချိုးသံကြူကြူ၊ တကူကူဖြင့်
ပြည်သူငြိမ်းချမ်း၊ အပြုံးပန်းလျှင်
ပွင့်လန်းဝေဖြိုး၊ ပြည့်အကျိုးတွက်
အမျိုးသားမှန်၊ ညီလာခံပြီ
ရေကန်အသင့် ကြာအသင့် ။

❖ သုံးပါးတာဝန်
မြဲကျေပွန်မည်၊ စိတ်ဝယ်ရည်လျက်
ဦးတည်မပျက်၊ ဆယ့်နှစ်ချက်လာ
ပြည်ခိုင်မာအောင်၊ အလွှာရှစ်ခု
ညီညာစုပြီး၊ ညှိနှိုင်းဝေဖန်
အကြံဉာဏ်ဖြင့်
အခြေခံဥပဒေ၊ မြန်မာ့မြေတွင်
'နေ'နှင့်အမျှ 'လ'သို့တစ်သွယ်
'ကြယ်'နှယ်အလား၊ စဉ်တောက်ကြွားဖို့
နိုးကြားထူးချွန်၊ ရှေ့အားသွန်သည်
အမွန်အမြတ် လမ်းမို့တကား။
အတူမပြတ် လှမ်းစို့တအား။ ။

မင်းယဉ်စု

(အမျိုးသားညီလာခံကို ဂုဏ်ပြုလျက်)

သံအမတ်ကြီးဦးစိုးမြင့်အား မော်ရိုကိုနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

ရန်ကုန် မေ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ သည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးမြင့်အား မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဆူဒန်သမ္မတနိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်

ရန်ကုန် မေ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဆူဒန်သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူကြီးများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ၂၀၀၄ခုနှစ် မေ ၂၀ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန် အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နှစ်နိုင်ငံသံအမတ်ကြီးများက ၂၀၀၄ခုနှစ် မေ ၂၀ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**

▼ *ရှေ့ဖုံးမှ*

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့မှ သဘာပတိအဖွဲ့ဝင်များနှင့် အထောက်အကူပြု အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံစုံညီအစည်းအဝေးနှင့် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကိစ္စနှင့် အခြားလုံခြုံရေးကိစ္စ၊ အုပ်ချုပ်မှုကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကာ နံနက် ၁၁ နာရီခွဲတွင် အစည်းအဝေးပြီးဆုံးသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၇–၅–၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀	၆။	အကပဒေသာ
၈:၂၀	၇။	အတီးပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၄၅	၈။	**"အမွန်မြတ်ဆုံး လက်ဆောင်"** နေရဲလင်း၊နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ တင်တင်လှ (ဒါရိုက်တာ–မောင်မောင်မြင့်)
၁၈:၀၀	၉။	အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသားရိုးရာ အစားအစာ(ကချင်)
၁၈:၁၀	၁၀။	တေးဂီတအစီအစဉ်
၁၈:၂၀	၁၁။	နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** အပိုင်း(၂၅)
၁၉:၃၅	၁၅။	ရခိုင်ပြည်နယ်(အပိုင်း–၁)
၁၉:၄၅	၁၆။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာဗီဒီယိုဇာတ်လမ်း **"နှလုံးသားလွင်ပြင်"** (အပိုင်း–၁) ရန်အောင်၊ ရဲမင်းပိုင်၊ ဆုပန်ထွာ (ဒါရိုက်တာ–ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အကယ်ဒမီဆုရရုပ်ရှင်ဇာတ်ကား ပြသဖျော်ဖြေ

ရန်ကုန် မေ ၂၆

အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားရုံအတွင်း၌ နေ့စဉ် ည ၇နာရီမှ စတင်ပြီး ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေရေးအစီအစဉ်အဖြစ် ယမန်နေ့ညတွင် ဒါရိုက်တာမောင်တင်ဦးရိုက်ကူးပြီး သရုပ်ဆောင် နေအောင်၊ မင်းမော်ကွန်း၊ ညီနန္ဒ၊ မြတ်ကေသီအောင်၊ ခိုင်သင်းကြည်၊ မေသဥ္ဇာဦး၊ မြင့်မြင့်ခင်တို့ ပါဝင်သရုပ်ဆောင်ကြပြီး ၂၀၀၁ခုနှစ် အကယ်ဒမီဆုရ ဇာတ်ကားဖြစ်သော 'နှလုံးလှလှမိုက်'ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ခဲ့ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ဇွန် ၂၀ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၇/၃၈)ရပ်ကွက်မှ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ၃၈ရပ်ကွက်ဓမ္မာရုံတွင်ကျင်းပပြုလုပ်ရာ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ခိုင်ဆွေက အရည်အချင်း ပြည့်မီသူတစ်ဦးအား စိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

(က–ပ)

မြန်မာ့အလင်း

နိုင်ငံတကာသတင်းများ

အီရတ်အား အုပ်ချုပ်ရေးအပြည့်အဝလွှဲပြောင်းပေးရန် ဂျာမနီဝန်ကြီးချုပ်က အမေရိကန်ပြည်ထောင်စုကိုတိုက်တွန်း

ဘာလင် မေ ၂၅

နိုင်ငံ၏အရင်းအမြစ်များနှင့် လုံခြုံရေးထိန်းချုပ်မှုအပါအဝင် အီရတ်ကြားဖြတ်အစိုးရအား ပြီးပြည့်စုံသော အုပ်ချုပ်ရေး လွှဲပြောင်းပေးမှုကို တွန်းအားပေးဆောင်ရွက်သွားရန် ဂျာမနီဝန်ကြီးချုပ်ဂါဟာ့ဒ်ရှရိုဒါက အမေရိကန်ပြည်ထောင်စုကို တနင်္လာနေ့၌ တိုက်တွန်းလိုက်သည်။

ထိုသို့မှမဟုတ်လျှင် အချုပ်အခြာအာဏာလွှဲပြောင်းပေးမှုဖြစ်မည်မဟုတ်ကြောင်း၊ မိမိအနေဖြင့် အီရတ်နိုင်ငံ၌ နေတိုးအဖွဲ့ရှိခြင်းသည် လုံခြုံရေးအဆင့်တိုးလာမည်ဆိုခြင်းကိုလည်းကောင်း၊ ကုလသမဂ္ဂတပ်ဖွဲ့၌ အစ္စလမ္မစ်နိုင်ငံများပါဝင်ရေး မေတ္တာရပ်ခံချက်ကိုလည်းကောင်း သံသယဖြစ်ကြောင်း ရှရိုဒါက ပြောကြားသည်။

အငြင်းပွားဖွယ်

အခြားအမည်အောက်တွင် သိမ်းပိုက်မှုကို အတည်ပြုရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အတောင်းဆိုမခံရရေးကို ဘုရှ်အစိုးရက ကြိုးပမ်းနေသည်ဖြစ်ရာ အချုပ်အခြာအာဏာ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အငြင်းပွားဖွယ်ရာဖြစ်သည်။

ဂျာမနီနှင့် အခြားလုံခြုံရေးကောင်စီဝင်နိုင်ငံများက အီရတ်အမျိုးသားလုံခြုံရေးကောင်စီကို အဆိုပြုထားသည်။

ဖြေရှင်းပေးမည်

ယင်းကောင်စီ၌ အစိုးရခေါင်းဆောင်များအပြင် အမေရိကန်ဗဟို ဌာနချုပ်ပါဝင်ပြီး စစ်ရေးဆောင်ရွက်မှု အငြင်းပွားခြင်းများကို ဖြေရှင်းပေးမည်ဖြစ်သည်။

ပြောကြား

ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အီရတ်တည်ငြိမ်ရေးအတွက် ယေဘုယျဆန္ဒရှိကြောင်း၊ စစ်ပွဲတရားမျှတမှုရှိမရှိအငြင်းပွားမှုသည်သမိုင်းကြောင်းနှင့်သာသက်ဆိုင်ကြောင်း ရှရိုဒါက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၂၃၀ အီရတ်၌တာဝန်ပြီးဆုံး၍မိခင်နိုင်ငံသို့ပြန်ရောက်

တိုကျို မေ ၂၅

ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေး(ဂျီအက်စ်ဒီအက်ဖ်)တပ်ဖွဲ့ဝင် ၂၃၀ ခန့်သည် အီရတ်နိုင်ငံ ဆာမာဝါ၌ သုံးလ တာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက် တနင်္လာနေ့တွင် မိခင်နိုင်ငံသို့ ပြန်ရောက်လာခဲ့ကြသည်။ ဆာမာဝါ၌ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကူညီလုပ်ကိုင်ပေးခဲ့ကြသည်။

ပြန်ရောက်လာ

ဂျပန်နိုင်ငံသို့ ပြန်ရောက်လာခဲ့ကြသော တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလထဲ၌ ဆာမာဝါသို့ စေလွှတ်ပေးခဲ့သော ပထမအုပ်စု တပ်ဖွဲ့ဝင် ၄၆၀ ၏ အစိတ်အပိုင်းဖြစ်ပြီး ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်ဒိုရှိ အဆာဟီကာဝါ လေဆိပ်သို့ ပြန်ရောက်လာခဲ့ကြသည်။ အဆိုပါအုပ်စုမှ ဂျီအက်စ်ဒီအက်ဖ်အဖွဲ့ဝင် ၁၁၀ခန့်သည် မေ ၁၇ရက်၌ ဂျပန်နိုင်ငံသို့ ပြန်ရောက်လာခဲ့ကြသည်။

ပထမအုပ်စု၏ ကျန်ရှိသောတပ်ဖွဲ့ဝင် ၁၂၀သည် ယခုလကုန်၌ ဂျပန်နိုင်ငံသို့ ပြန်ရောက်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ် အကျဉ်းသားများအား အမေရိကန် တပ်ဖွဲ့ဝင်များ၏ နှိပ်စက်မှုများကို ကန့်ကွက်ပြီး အကျဉ်းသားများ ပြန်လွှတ်ရေး တောင်းဆိုဆန္ဒပြနေသူများအား ဘဂ္ဂဒက်ရှိအဘူဂါရိပ် အကျဉ်းစခန်း အပြင်ဘက်၌ မေ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်များသေကျေသည့်သတင်း အယ်လ်ဂျာဇီရာက အသားပေးဖော်ပြမည် မဖော်ပြစေလိုလျှင် ကန်တို့က ယင်းလုပ်ရပ်မျိုးရပ်တန့်ရန်လို

ဘဂ္ဂဒက် မေ ၂၅

အမေရိကန်နိုင်ငံ ဘုရှ်အစိုးရအဖွဲ့နှင့် အာရပ်ဘာသာဖြင့်ထုတ်လွှင့်သော အယ်ဂျာဇီရာရုပ်သံဌာနတို့ ဖြစ်ပွားနေသည့် တင်းမာမှုသည် လျော့ပါးသွားမည့် လက္ခဏာမရှိကြောင်း သိရသည်။

အီရတ်နိုင်ငံနှင့် ပတ်သက်သည့် သတင်းများကို အယ်ဂျာဇီရာရုပ်သံဌာနက အမေရိကန်တို့နှင့်မတူ၊ကွဲပြားခြားနားသည့် ရှုထောင့်မှတင်ပြခဲ့ရာ အီရတ်နိုင်ငံတွင်းပျက်စီးမှုများ အီရတ်ပြည်သူများ ခံစားနေရသော ဒုက္ခများကို ပြသခဲ့သည်။

သိမြင်စေ

ယခုလို ပြသသော ပုံရိပ်များကြောင့် ဖြစ်ပွားနေသည့် ကိစ္စ ရပ်များသည် အမေရိကန်နိုင်ငံကြောင့် ဖြစ်ရသည်ဆိုသည်ကို အာရပ်လူမျိုးများကို သိမြင်စေခဲ့သည်။

တောင်းဆို

ထို့ကြောင့် အဆိုပါ ရုပ်သံဌာနသည် အမေရိကန် ဆန့်ကျင်ရေးကို တစ်ဖက်သတ် ပြသနေသည်ဟု ဘုရှ်အစိုးရက ပြစ်တင်ပြောကြားခဲ့ရာ အယ်ဂျာဇီရာ အခြေစိုက်သည့် ကာတာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးကိုလည်း အဆိုပါ သတင်းဌာနကို ပိတ်ပစ်ရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က တောင်းဆိုခဲ့သည်။

ဖော်ပြမည်

အယ်ဂျာဇီရာသတင်းဌာနက ပြည်သူများ သေကျေပျက်စီးသည့်သတင်းများကို အသားပေးဖော်ပြမည် ဖြစ်ကြောင်း ယင်းသို့မဖော်ပြစေလိုပါကယင်းကဲ့သို့ သတင်းမဖြစ်ပွားအောင် ဆောင်ရွက်ဖို့ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်၌နိုင်ငံခြားသားများ၏ကားကို ဒုံးပစ်လောင်ချာဖြင့်ပစ်ခတ် နိုင်ငံခြားသားနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိ

ဘဂ္ဂဒက် မေ ၂၅

ဘဂ္ဂဒက်မြို့လယ်ကောင်တွင် နိုင်ငံခြားသားများစီးလာသော ကားတစ်စီးကို တနင်္လာနေ့၌ ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နိုင်ငံခြားသားနှစ်ဦးထက်မနည်း သေဆုံးသွားကြောင်း၊ ၎င်းတို့၏ကားမှာလည်း ပျက်စီးသွားကြောင်း အပေါင်းပါတပ်ဖွဲ့ဝင်အရာရှိတစ်ဦးက ပြောကြားသည်။

ဒဏ်ရာပြင်းထန်

ထိုသို့တိုက်ခိုက်ခြင်းကြောင့် အခြားနိုင်ငံခြားသားတစ်ဦးထက်မနည်းလည်း ဒဏ်ရာပြင်းထန်စွာရရှိကြောင်း အဆိုပါအရာရှိက ပြောကြားသည်။

အစောပိုင်း၌ ဖြစ်ပွားရာနေရာရှိ အမေရိကန်တပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုဖြစ်ပွားရာတွင် လူလေးဦးထက်မနည်း သေဆုံးသည်ဟု ပြောဆိုခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တိုက်ခိုက်ရန်အသင့်ရှိ

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် အသင့်ရှိနေသော အီရတ်ပြောက်ကျားတစ်ဦးကို မေ ၂၅ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် အနာဂတ်နှင့် ခေါ်လျှင်း၌ ဝေဖန်မှုအမျိုးမျိုး ထွက်ပေါ်

ဘဂ္ဂဒက် မေ ၂၅

လာမည့် ဇွန် ၃၀ ရက်၌ အီရတ်တို့ထံ အချုပ်အခြာအာဏာ လွှဲပြောင်းတော့မည်ဖြစ်ရာ အီရတ်၏ အနာဂတ်နှင့်ပတ်သက်ပြီး အမျိုးမျိုး ဝေဖန်မှုများထွက်ပေါ်လာနေသည်။

အငှားကားမောင်းသူ အလီဘူစိန်က အီရတ်၏အပြောင်းအလဲအပေါ် သဘောကျကြောင်း ထုတ်ဖော်ပြောကြားခဲ့သလို မကြာခင်ဘဲ့ရတော့မည့် ဟူဆန်နီဟူစိန်က ဘာသာရေးအစိုးရပုံစံမလိုလားကြောင်း ၎င်း၏သဘောထားကို ပြောကြားခဲ့သည်။ အီရတ်ခေါင်းဆောင် ရှိတ်အဗ္ဗဒူလ်ဂျဖားလ်၏ ဆန္ဒအရ နိုင်ငံရေးနှင့်ဘာသာရေးသည် ဆက်စပ်နေကြောင်း ဖော်ပြခဲ့ပြီး အမေရိကန်တို့၏ ကျူးကျော်မှုအဆုံးသတ်ရေးနှင့် အီရတ်လုံခြုံရေးအတွက် ကုလသမဂ္ဂဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့များ ထားရှိရန်လည်း ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ ကုလသမဂ္ဂအဖွဲ့သည် အီရတ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်အတွက် အကူအညီပေးလျက်ရှိနေပြီး အမေရိကန်တို့သည် အီရတ်အပေါ် နားမလည်သည့်အတွက် အမေရိကန်တို့ မပါဝင်သင့်ကြောင်း ဝေဖန်နေကြသည်။ ဇွန် ၃၀ရက် နောက်ပိုင်း၌လည်း အမေရိကန်တို့သည် ဆက်လက်ဩဇာလွှမ်းမိုးနေကြမည်ဖြစ်ကြောင်း အီရတ်တို့က ယုံကြည်သည့်အတွက် ကုလသမဂ္ဂ၏ ပါဝင်ထိန်းချုပ်မှုကို လိုလားနေကြသည်။

(စီအင်န်အင်န်)

ကယ်ကွတ်ရေနံပိုက်လိုင်း ဖောက်ခွဲတိုက်ခိုက်ခံရ တိုက်ခိုက်မှုများ တိုးမြှင့်လာ၍ ရေနံတင်ပို့မှုများ ရပ်နားထားရ

ကယ်ကွတ် မေ ၂၅

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၌ ရေနံပိုက်လိုင်းပေါက်ကွဲမှု ယမန်နေ့ညနေပိုင်းက ဖြစ်ပွားခဲ့ရာ တိုက်ခိုက်ခံရမှုကြောင့်ဖြစ်ကြောင်း သိရသည်။ အဆိုပါရေနံပိုက်လိုင်းပေါက်ကွဲမှုသည် ကယ်ကွတ်မြို့၏ အနောက်ဘက် ငါးကီလိုမီတာအကွာအထိ ပျံ့နှံ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အပျက်အစီးများ ပြန်လည်ပြုပြင်ရန်အတွက် သီတင်းနှစ်ပတ်ခန့် အချိန်ယူပြင်ဆင်ရမည်ဖြစ်ကြောင်း ရေနံပိုက်လိုင်းစောင့်ကြပ်ရေး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရပ်ထား

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့ရှိ ရေနံပိုက်လိုင်းများကိုလည်း တိုက်ခိုက်မှုများ ဆက်လက်တိုးမြှင့်လာမှုကြောင့် ရေနံတင်ပို့မှုများကို ပြီးခဲ့သောလနှောင်းပိုင်းကတည်းက ရပ်နားထားခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့အနောက်ဘက်တွင် ဖောက်ခွဲတိုက်ခိုက်ခံရ၍ မီးလောင်နေသော ရေနံပိုက်လိုင်းကို မီးသတ်သမားများက ကြိုးစားမီးငြိမ်းသတ်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် နာဂျက်ဖ်မြို့မီဆိုင်းဒေသတွင် အမေရိကန်ယာဉ်တန်းတစ်ခု လမ်းဘေးဗုံးကြောင့် ထိမှန်ပျက်စီးခဲ့သည်။ ဤအတောအတွင်း အမေရိကန်တပ်ဖွဲ့များနှင့် အယ်ဆာဒါ၏ လက်နက်တိုက်ခိုက်ရေးသမားများ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့တွင်လည်း အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ၏ ဌာနချုပ်အပြင်ဘက်တွင် လမ်းဘေးထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ဗြိတိန်လူမျိုးနှစ်ဦး သေဆုံးကာ အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

(အင်န်အိပ်ချ်ကေ၊စီအင်န်အင်န်)

အီရတ်၌ဒတ်ချ်တပ်ဖွဲ့ဝင်များဆက်နေရန် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်သစ်လိုအပ်

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံ၌ ဒတ်ချ်တပ်ဖွဲ့ဝင်များ ထပ်မံ တပ်စွဲထားသင့်၊ မသင့်ဆုံးဖြတ်ရန်အတွက် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အသစ်လိုကြောင်း ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီး ဘန်ကော့က ဘရပ်ဆဲလ်မြို့၌ ပြီးခဲ့သည့် တနင်္လာနေ့က ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဂျပန်တပ်ဖွဲ့ဝင်များ တပ်စွဲထားရာ ဆာမာဝါမြို့၌ ဒတ်ချ်တပ်ဖွဲ့ဝင်များသည် လာမည့်ဇူလိုင်လအထိ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အရေးပါ

ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အသစ်ပေါ် မူတည်ပြီး အုပ်ချုပ်ရေးလွှဲပြောင်းရယူမည့် အီရတ်အစိုးရအတွက် အချိန်ဇယားရေးဆွဲရမည်ဖြစ်ကြောင်း လာမည့်ဇွန်လနှောင်းပိုင်း၌ အီရတ်နိုင်ငံ၏ အုပ်ချုပ်မှုလွှဲပြောင်းပေးပြီးနောက်ပိုင်း နိုင်ငံတကာတပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်နိုင်ငံ၌ ဆက်လက်ထားရှိရေးအတွက်လည်း ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်အသစ်သည် အရေးပါကြောင်း ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ကုလသမဂ္ဂဆုံးဖြတ်ချက်အသစ်အား ဇွန်လလယ်လောက်၌ အတည်ပြုရမည်ဖြစ်ကြောင်း သို့မှသာ ဒတ်ချ်တပ်ဖွဲ့ဝင်များကို ၎င်းတို့၏ တာဝန်ထမ်းဆောင်ရက်မကုန်ဆုံးမီ ၎င်းအနေဖြင့် အမိန့်ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

(အင်န်အိပ်ချ်ကေ)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်အရေး၌ ကန်ပါဝင်ပတ်သက်မည့်ကိစ္စ ကန့်သတ်မှုထားရန် ပြင်သစ်နှင့် ဂျာမနီတောင်းဆို

ကုလသမဂ္ဂ မေ ၂၅

အီရတ်စစ်ပွဲဖြစ်ပွားပြီး တစ်နှစ်အကြာ၌ အမေရိကန်နိုင်ငံသည် အီရတ်နိုင်ငံအရေး၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပါဝင်ကူညီရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ယခုအချိန်၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီက လက်မခံပါက ၎င်းတစ်နိုင်ငံတည်း ဆောင်ရွက်မည်ဟု ခြိမ်းခြောက်ခြင်းမရှိတော့ဘဲ အီရတ်နိုင်ငံသို့ အာဏာလွှဲပြောင်းပေးရေးတွင် ကုလသမဂ္ဂပါဝင်ရန် တောင်းပန်ခဲ့ကြောင်း သိရသည်။ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က အီရတ်တို့အနေဖြင့် သြဇာအာဏာ ပိုမိုရရှိစေလိုသည့်အပြင် အီရတ်နိုင်ငံရေးနှင့် စစ်ရေးတွင် အမေရိကန်ပါဝင်ပတ်သက်မှုကို ကန့်သတ်ဖို့ တောင်းဆိုခဲ့ကြခြင်းကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ စည်းဝေးပွဲတွင် အခြေအတင် ဆွေးနွေးမှုများ ဖြစ်ပေါ်လာနိုင်သည်။

စောင့်ကြည့်

လုံခြုံရေးကောင်စီတွင် အဓိကထားဆွေးနွေးမည့်ကိစ္စရပ်များအနက် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ အီရတ်တွင် တစ်နှစ်သာ ဆက်လက်ရှိနေရန် နိုင်ငံစုံတပ်ဖွဲ့များနှင့် အီရတ်တပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန် အီရတ်တပ်ဖွဲ့များက အမေရိကန်၏ အမိန့်ကိုငြင်းဆိုနိုင်ရေး ရှိမရှိနှင့် ရေနံမှရရှိသော အကျိုးအမြတ်ကို အီရတ်နိုင်ငံကသာ ထိန်းချုပ်ကွပ်ကဲပြီး နိုင်ငံတကာကွပ်ကဲရေးအဖွဲ့က ဆက်လက်စောင့်ကြည့် စစ်ဆေးနိုင်ရန်တို့ ပါဝင်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းစခန်းအပြင်ဘက်တွင် အီရတ်အကျဉ်းသားများ၏ သတင်းကို စောင့်မျှော်နေကြသော အီရတ်အမျိုးသမီးများကို မေ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား အခြားတပ်ဖွဲ့ဝင်များက ပြုစုပေးနေသည်ကို မေ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်အစိမ်းရောင်ဒေသ၏ ဝင်ပေါက်အနီး ကားဗုံးပေါက်ကွဲမှုကြောင့် လူလေးဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၅

အမေရိကန်ဦးဆောင်သောတပ်များ အခြေစိုက်ထားသည့် ဘဂ္ဂဒက်ရှိ အစိမ်းရောင်ဒေသ၏ ဝင်ပေါက်တစ်ခုအနီးတွင် ကားတစ်စီး တနင်္လာနေ့က ပေါက်ကွဲသဖြင့် လူလေးဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

သေဆုံးသူများမှာ မည်သည့်လူမျိုးများဖြစ်သည်ဆိုသည်ကို မိမိတို့ အသေအချာမသိရကြောင်း၊ လေးဦးသေဆုံးကြောင်းသာ မိမိတို့ သိကြောင်း ဗိုလ်မှူးကြီးမိုက်ခ်မာရေးက ပြောကြားသည်။

ဖြစ်ပွား

ပေါက်ကွဲမှုဖြစ်ရသည့် အကြောင်းကို စုံစမ်းစစ်ဆေးနေကြောင်း၊ ပေါက်ကွဲမှုသည် အပေါင်းပါတပ်ဖွဲ့၏ ဝင်းအတွင်းသို့ ဝင်ရောက်သည့် ဝင်ပေါက်တစ်ခုမှ မီတာ ၅၀၀ ခန့်၌ ဖြစ်ပွားခြင်းဖြစ်ကြောင်း မာရေးက ပြောကြားသည်။

သေဆုံး

မေလ ၁၇ ရက်၌ အစိမ်းရောင်ဒေသသို့ဝင်ရောက်ရာ ဝင်ပေါက်တစ်ခုအနီး၌ အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကြားဖြတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အက်ဇ်ဒီဒင်းဆလင်မ်နှင့်အတူအခြားလူအချို့ သေဆုံးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီတလီတပ်ဖွဲ့ဝင်များစီးနင်းလာသောယာဉ်အတွင်း အီရတ်ရှေးဟောင်းပစ္စည်းများ ဖမ်းဆီးရမိ

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဆီရီယာအုပ်ချုပ်ရေးဒေသ၌ စခန်းချထားသော အီတလီတပ်ဖွဲ့ဝင်များက အီရတ်ရှေးဟောင်းပစ္စည်းများကို မှောင်ခိုရန် ကြိုးပမ်းမှုတစ်ခုကို အီရတ်လုံခြုံရေးတပ်များက တားဆီးလိုက်ကြောင်း အယ်လ်ဆာဘာသတင်းစာက တနင်္လာနေ့၌ ရေးသားဖော်ပြလိုက်သည်။

အဆိုပါရှေးဟောင်းပစ္စည်းများကို အီရတ်-ကူဝိတ်နယ်စပ်သို့သွားမည့် အီတလီတပ်ဖွဲ့များ၏ ကားတစ်စီးအတွင်းမှ အီရတ်ရဲအဖွဲ့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

အီရတ်ကို အမေရိကန်ဦးဆောင်ပြီး တိုက်ခဲ့သော စစ်ပွဲ၏ ပေါ်ထွက်လာသောရလဒ်မှာ အီရတ်အမျိုးသား ပြတိုက် အများအပြား လုယက်ဖျက်ဆီးခဲ့လိုက်ရခြင်းပင်ဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

ယင်းသို့ အီရတ်အမျိုးသားပြတိုက်မှာ ခိုးယူလုယက်ခြင်းခံခဲ့ရရာတွင် ရှေးဟောင်းပစ္စည်း ၁၄၀၀၀ ကျော် ပျောက်ဆုံးခဲ့ပြီး အများစုမှာ ပြည်ပသို့ မှောင်ခိုထုတ်ခြင်းခံခဲ့ကြရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မေ ၂၃ ရက်က ဘာဆာရာမြို့၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ အီရတ်တစ်ဦး၏ မိခင်အား ခေါ်ဆောင်လာသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆေးကုသ

ဘဂ္ဂဒက်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသည့် အီရတ်တစ်ဦးအား မေ ၂၂ရက်က ဆေးကုသပေးရန် ပြင်ဆင်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကာဘာလာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပျက်စီးနေသော ဟိုတယ်ကို မေ ၂၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

ကာလာဘာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံတစ်ခုကို မေ ၂၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဝင်ရောက်စီးနင်း

မေ ၂၃ရက်က အီရတ်နိုင်ငံ ဆာလာဝီယာမြို့ အနောက်ပိုင်းရှိ အီရတ် တစ်ဦး၏ နေအိမ်ကို အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းနေကြသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကားဗုံးခွဲတိုက်ခိုက်

မေ ၂၂ ရက်က အီရတ်နိုင်ငံဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားအပြီး အပျက်အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကရင်ပြည်နယ် နယ်စပ်ဒေသနေ တိုင်းရင်းသား လူငယ်လူရွယ်များ အခြေခံပညာသင်ကြား နိုင်ရန်အတွက် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် မြဝတီမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ်ကိုတွေ့ရစဉ်။ (နယ်စပ်/စည်ပင်)

ရောဝတီတိုင်းနှင့် ရန်ကုန်တိုင်း တိုင်းချင်းဆက် ကျေးလက် လမ်းများ ဖောက်လုပ်ပေးလျက်ရှိသည့်အနက် ဓနုဖြူမြို့နယ် စံကင်း-ကလောသော့ ကျေးလက်ကျောက်ချောလမ်းပေါ်ရှိ ချောင်းကူးတံတားကို တွေ့ရစဉ်။ (နယ်စပ်/စည်ပင်)



နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

မန္တလေးတိုင်း မလှိုင်မြို့နယ် မြစ်ကျင်းစံပြကျေးရွာတွင် တွင်းတူးစက်ကြီးများဖြင့် စက်ရေတွင်းတူးဖော်၍ ကျေးလက်နေပြည်သူများ ရေဖူလုံစွာ ရရှိနိုင်ရန် ဆောင်ရွက်ပေးနေစဉ်။ (နယ်စပ်/စည်ပင်)

ရှမ်းပြည်နယ်(မြောက် ပိုင်း) လားရှိုးမြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် နယ်စပ်ဒေသမှ သင်တန်းသူများအား ဤသို့ အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးလျက်ရှိသည်။ (နယ်စပ်/စည်ပင်)

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုမိန်းဒေသတွင် ဒေသခံ တိုင်းရင်းသားများ လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက် ၅၈ကီလိုဝပ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသော ဟိုမိန်း ဓာတ်အားပေး စက်ရုံကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသား ခင်မောင်ဝင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၅ ရက်က ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာခန်းမ၌ ကျောင်းသားကျောင်းသူများ လေ့ကျင့် သင်ကြား

ထို့နောက် အေးရှားဝေါလ်ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်က စေတီတော်ကြီး၏ ရင်ပြင်တော်၊ မဟာရံတံတိုင်း၊ သရက်ကင်းလှေကား၊ ပန်းတင်ခုံ လိုဏ်ခုံးအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့်

ယင်းနောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က စေတီတော်ကြီး၏ ပရဝဏ်သာယာလှပရေး၊ စေတီတော်ကြီး၏ ဝင်လမ်း၊ထွက်လမ်းများ ဖောက်လုပ်ရန် စီစဉ်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၅ ရက်က ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် သိန်း ၁၀၀၀ ကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်အား ပေးအပ်စဉ်။ (သတင်းစဉ်)

စနစ်များကို အသုံးပြုတည်ထားလျက်ရှိကြောင်း။

ထို့အပြင် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် အစဉ်ထာဝရတည်တံ့ခိုင်မြဲရေး ရည်မှန်းလျက် တည်ထားကိုးကွယ်ခြင်းဖြစ်ရာ စေတီတော်ကြီး တင့်တယ်သပ္ပာယ်ရေးနှင့် တည်တံ့ခိုင်ခံ့ရေးအတွက် ဘက်စုံထောင့်စုံမှ ဟာကွက်မရှိအောင် အလေးထား ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ပုံစံငယ်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်ကြီး၏ ပုံစံငယ်ကိုကြည့်ရှုသည်။

ယင်းနောက် ရှမ်းပြည်နယ်လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ထားကိုးကွယ်နိုင်ရေးအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ဝိကာသိနီကုန်းတော် မင်္ဂလာမဏ္ဍပ်၌ ဆက်လက် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နမောတဿသုံးကြိမ်

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၂၀၊ အထူးဒေသ(၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးအောင်ခမ်းထီ၊ ဇနီးဒေါ်နန်းဖြူမိသားစုနှင့် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မဇောတိကဓဇ ဦးနေဝင်းထွန်း၊ ဇနီးဒေါ်နန်းအေးအေးမြင့်မိသားစုက ငွေကျပ်သိန်း ၄၅၀၊ ဦးသိန်းဝင်း-ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ) သားသမီးမြေးတစ်စုက ငွေကျပ် ၁၃၅သိန်း၊ ယူနိုက်တက်ကော်မာရှယ်အုပ်စုကုမ္ပဏီ(United Commercial Group Ltd.)က ငွေကျပ် ၁၃၅ သိန်း၊ ဦးထွန်းမြင့်နိုင်(အုပ်ချုပ်မှု ဒါရိုက်တာ)အေးရှားဝေါလ်ကုမ္ပဏီ လီမိတက်က ငွေကျပ်သိန်း ၁၀၀၊ ပြည်ထဲရေးဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ သစ်တောရေးရာဝန်ကြီးဌာနက ငွေကျပ် ၁၀ သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ငွေကျပ် ခုနစ်သိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း

ငွေကျပ် သုံးသိန်း၊ သာသနာရေးဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ ကျန်းမာရေးဝန်ကြီးဌာနက ငွေကျပ် သုံးသိန်း၊ ပညာရေးဝန်ကြီးဌာနက ငွေကျပ် သုံးသိန်း၊ အမှတ်(၂)စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်က ငွေကျပ် သုံးသိန်း၊ နောင်တုံဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် သိန်း ၂၀၊ မိခင်ကြီး ဒေါ်ခင်နွဲ့ရီအား အမှူးထား၍ ဒေါက်တာတင့်စိုးလင်း (ရွှေပုစွန်) မိသားစုက ငွေကျပ် သိန်း ၂၀၊ ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ငွေကျပ် ၁၀သိန်း၊ ပြည်နယ်အကောက်ခွန်ဦးစီးဌာနက ငွေကျပ် ငါးသိန်း၊ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ငွေကျပ် နှစ်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက ငွေကျပ် သုံးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ငွေကျပ် သုံးသိန်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်ညွန့်(Golden Moon)

နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်မှုများကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ရန်ကုန်နည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာန တွဲဖက်ပါမောက္ခဦးစန်းကြူက မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်တည်ဆောက်ရေးအတွက် တည်ဆောက်ရေးဆိုင်ရာ ဗိသုကာပုံစံထုတ်လုပ်မှု၊ အလယ်မဏ္ဍိုင်မပါဘဲ အမိုးခုံးပုံစံဖြင့် တည်ဆောက်မည်ဖြစ်သဖြင့် စေတီတော်ကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရန် ခေတ်မီနည်းပညာများ၊ ခေတ်မီ တည်ဆောက်ရေး နည်းစနစ်များ အသုံးပြုတည်ဆောက်နေမှုကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။



ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာမှုပညာရှင် ဦးအုန်းတင်က စေတီတော်ကြီး၌ ဆောင်ရွက်မည့် မြန်မာမှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက စေတီတော်ကြီးတွင် တင်လှူပူဇော်မည့် ပိန္နဲတိုင်၊ ပန်းလည်တိုင်၊ ထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ ပြုလုပ်ရန် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထူးခြားသောပုံသဏ္ဌာန်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီးသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော မဏ္ဍိုင်မပါ၊ အမိုးခုံးလိုဏ်ခံလျက် တည်ထားမည့် ထူးခြားသောပုံသဏ္ဌာန်ရှိသည့် စေတီတော်ကြီးဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်ခံ့စေရေးအတွက် ခေတ်မီနည်းပညာများ၊ ခေတ်မီတည်ဆောက်ရေးနည်း

ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်ကြီးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ်သိန်း၁၀၀၀ကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်အား ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ်သိန်း ၂၀၊

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၅ ရက်က မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက

ဆောက်လုပ်ရေးကုမ္ပဏီ တောင်ကြီးက ငွေကျပ်ငါးသိန်း၊ တောင်ကြီးမြို့ ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များမှ စုပေါင်းလှူဒါန်းငွေကျပ် ငါးသိန်း၊ ဦးအေးကျော်(AK-ရောင်းဝယ်ရေး) တောင်ကြီးက ငွေကျပ်သုံးသိန်း၊ ခွန်ရာဇာ မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးဌေးကြွယ်(ရတနာထွန်း

27-5 (08).p65 8 03/24/1905, 9:31 PM

ဆောက်လုပ်ရေးကုမ္ပဏီ) တောင်ကြီးက ငွေကျပ်နှစ်သိန်း၊ ဦးထွန်းလွင်(တောင်ကြီးဟိုတယ်)က ငွေကျပ်နှစ်သိန်း၊ ဦးသန်းညွန့်(အမွှာညီအစ်မပို့ဆောင်ရေး) တောင်ကြီးက ငွေကျပ်နှစ်သိန်း၊ ဦးအေးဆွေ(ပြည်ချမ်းအောင်ဆောက်လုပ်ရေးကုမ္ပဏီ) တောင်ကြီးကငွေကျပ်နှစ်သိန်း၊ ရွှေကျားပျံမိသားစု တောင်ကြီးက ငွေကျပ်နှစ်သိန်း၊ ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဦးပြုံးချို–ဒေါ်စပယ် မိသားစု ရပ်ကွက်(၁) ပင်လုံက ငွေကျပ်တစ်သိန်း၊ ဦးဖိုးစိန်–ဒေါ်နန်းနွတ် ရပ်ကွက်(၃) ပင်လုံက ငွေကျပ်တစ်သိန်း၊ အများပြည်သူ လှူဒါန်းငွေကျပ် သုံးသိန်း အပါအဝင် အလှူရှင်များက ငွေကျပ် ၂၀၁၈ သိန်းကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ပြီး ရှေးဦးစွာ ကျောက်တိုင်ရှေ့၌ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စာချုပ်ကျောက်တိုင် အရှည်တည်တံ့ရန် ထိန်းသိမ်းစီမံဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်လုံတက္ကသိုလ်သို့ ရောက်ရှိကြရာ ခေတ္တပါမောက္ခချုပ် ဦးအယဲလ်ဘွေကော၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သရုပ်ပြ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာန တွဲဖက်ပါမောက္ခ ဦးဝင်းမြင့်ဆန်းက တောင်ကြီး တက္ကသိုလ်က ဆောင်ရွက်နေသော ရှားပါးရေပုတ်သင် မျိုးမတုံးစေရန် ထိန်းသိမ်းရေးနှင့် ရေပုတ်သင်မွေးမြူရေး သုတေသနပြုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေပုတ်သင်မွေးမြူထားမှု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မွေးမြူရေး ငါးများ၊ အင်းလေးဒေသ တိုင်းရင်းသားငါးများနှင့် ဒေသမှ အလှမွေးငါးနမူနာများကို ကြည့်ရှုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မေ ၂၅ ရက်က ပင်လုံမြို့၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ရည်ညွှန်းသော ပြည်မတောင်တန်းပူးပေါင်းရေးစာချုပ် ကျောက်တိုင်ရှေ့တွင် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ညှိနှိုင်းစီမံဆောင်ရွက်

ဆက်လက်၍ ခန်းမဆောင်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပင်လုံတက္ကသိုလ်၏ နောက်ခံသမိုင်း၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကွန်ပျူတာ ၁၁၄ လုံးဖြင့် သင်ကြားနေသော IT စာသင်ခန်းများ၊ ကျောင်းသားအင်အား၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားသည့် အင်အား၊ တည်ဆောက်ရေးလုပ်ငန်းများ အပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်ကြားစီမံကိန်းရပ်များနှင့် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၅ ရက်က နမ့်စန်မြို့ ညော့ရိပ်သာ၌ လယ်မြေဧက ၁၅၀၀ ကို အကျိုးပြုမည့် နမ့်စန်မြို့နယ် ဝမ်ပုံရေလှောင်တမံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘုရားကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လဲချားမြို့ သီရိဟံသာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ လဲချားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနိုးအောင်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ အခြေချနေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဒေသတွင် ဖြစ်ထွန်းသော သီးနှံများ စိုက်ပျိုးသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားဆောင်ရွက်နေသော နိုင်ငံဖြစ်ကြောင်း၊ ဒေသအသီးသီးအနေဖြင့် မိမိတို့၏ ဒေသတွင်း ဒေသဝမ်းစာဖူလုံရုံမျှဖြင့် ကျေနပ်တင်းတိမ်မနေဘဲ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝအဆင့်မြင့်မားရေးတို့အတွက် စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားကြရေး ပံ့ပိုးအားပေးဆောင်ရွက်ကြရန်လိုကြောင်း။

တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

အထူးသဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက မိမိရပ်ရွာ၊ မိမိမြို့နယ်ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းရေးတို့အတွက် စေတနာနှင့် ဝီရိယအားပေါင်းစပ်ပြီး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မိမိမြို့နယ်အတွင်းရှိ ပြည်သူများ၏ သက်သာချောင်ချိရေး၊ စီးပွားရေးအထောက်အကူပြုရေး၊ လူနေမှုဘဝမြင့်မားရေးတို့အတွက် မျက်ခြည်မပြတ်ကြည့်ရှုတွေးတော ကြံဆညှိနှိုင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

ဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တို့က လက်ခံကြသည်။

ယင်းနောက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ပြသရှင်းလင်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ခေတ်မီနည်းစနစ်၊ ခေတ်မီနည်းပညာများဖြင့် စေတီတော်ကြီး တည်ဆောက်နေမှုများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံပြသ ရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်လုံမြို့၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ရည်ညွှန်းသော ပြည်မတောင်တန်း ပူးပေါင်းရေး စာချုပ် ကျောက်တိုင်သို့ ရောက်ရှိကြ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မေ ၂၅ ရက်က ပင်လုံမြို့ရှိ ပင်လုံတက္ကသိုလ်၌ ရေပုတ်သင်မွေးမြူထားမှုနှင့် အလှမွေးငါးများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင် လဲချားမြို့သို့ ရောက်ရှိကြရာ လဲချားတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရွှေသင်္ကန်းကပ်လှူပူဇော်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လဲချားမြို့ မဟာမြတ်မုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရွှေသင်္ကန်းကပ်လှူပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လဲချားမြို့ မွေတော်ခမ်းနမ့်ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာသာမိ အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၅ ရက်က မိုင်းနောင်မြို့အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ထုတ်လုပ်နိုင်မှု၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့စည်ပင်သာယာရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြ

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက် အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲကို မေ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် မြန်မာနိုင်ငံဂေါက်ရိုက်အသင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သားငါးပွဲပြီး ပြည်အကျိုး

မြင့်မြတ်သန့်စင်သာသနာ့မြေတစ်ခွင်

"မလ္လတို့သည် အလောင်းတော်ကို မီးသင်္ဂြိုဟ်ကြ၏။ အဘယ်သို့ပင် မီးတိုက်စေကာမူ မလောင်ဘဲဖြစ်နေ၏။

မဟာကဿပရောက်လာသောအခါ ထင်းပုံကိုလက်ယာရစ် လှည့်လည်ပြီးနောက် မြတ်စွာဘုရားခြေတော်ကို ဦးခိုက်ပူဇော်၏။ ရဟန်းငါးရာတို့လည်း ထိုအတိုင်းပြု၏။ သူတို့ပူဇော်ပြီးသောအခါ ထင်းပုံသည် အလိုအလျောက် မီးတောက်လောင်၏။ မြတ်စွာဘုရား၏ကိုယ်တော်မှ အရေ၊ အသား၊ အကြောစသည်တို့ ပြာကျသွား၏။ အရိုးသာပြာမကျဘဲ ကြွင်းကျန်၏။ မလ္လတို့သည် မြတ်စွာဘုရား၏ အရိုးတို့ကိုကောက်ကာ သူတို့၏ သန္ထာဂါရတွင်ထား၍ အမျိုးမျိုးသောနံ့သာ၊ အတီးအမှုတ်၊ အက၊ အဆို တို့ဖြင့် ပူဇော်၏။

မဂဓမင်းအဇာတသတ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသော သတင်းကိုကြားရ၏။ ကုသိနာရာသို့ တမန်လွှတ်ကာ အရိုးကိုတောင်းစေ၏။ ထို့အတူ ဝေသာလီ လိစ္ဆဝီတို့သည် လည်းကောင်း၊ ကပိလဝတ်မှ သကျတို့သည်လည်းကောင်း၊ အလ္လကပ္ပကတိုင်းမှ ဗုလယတို့သည်လည်းကောင်း၊ ရာမဂါမမှ ကောလိယတို့သည်လည်းကောင်း၊ ဝေဌဒီပမှ ဗြာဟ္မဏတို့သည်လည်းကောင်း၊ ပါဝါမှ မလ္လတို့သည်လည်းကောင်း အသီးသီးတမန်လွှတ်ကာ မြတ်စွာဘုရား၏ အရိုးကိုတောင်းဆိုကြ၏။ ကုသိနာရာမှ မလ္လတို့ကလည်း မပေးနိုင်ကြောင်းပြော၍ အချင်းများနေ၏။

ဒေါဏဗြာဟ္မဏက ပြန်ဖြေ၏။ ငါတို့၏ဗုဒ္ဓသည် သည်းခံလေ့ရှိ၏။ သည်းခံသောဗုဒ္ဓ၏ အရိုးကို ငြင်းခုံ၍ယူကြသည်မှာ နည်းလမ်းမကျပါ။ သင်တို့အလုံးစုံသည် ဗုဒ္ဓ၏အရိုးတို့ကို အညီအညွတ်ဝေ၍ယူကြပါ။ သင်တို့အားလုံးပင် ဗုဒ္ဓကို ကြည်ညိုသူများပင် ဖြစ်ကြ၏။

ဒေါဏဗြာဟ္မဏသည် ဗုဒ္ဓ၏အရိုးဓာတ်တို့ကို ရှစ်စုခွဲပြီးပြောပြ၏။ "သင်တို့၏အရိုးဓာတ်ထည့်သောအိုးတို့ကို ငါ့အားပေးကြပါ။ ငါသည် ထိုအိုးတို့ကို စေတီတည်ကာပူဇော်ပါမည်။"

အရိုးဓာတ်တို့ကို အညီအမျှခွဲဝေပြီးနောက် ပိပ္ပလိမှ မောရိယတို့၏ တမန်ရောက်လာ၏။ သို့သော် အရိုးဓာတ်တို့ကားမရှိတော့ချေ။ မီးသွေးသာရ၍ သွား၏။ သူတို့သည် မီးသွေးကိုသာ စေတီတည်ကာ ကိုးကွယ်ကြ၏။ သို့ဖြင့် အရိုးဓာတ်စေတီရှစ်ဆူ၊ အိုးစေတီတစ်ဆူနှင့်မီးသွေးစေတီတစ်ဆူဖြစ်ပေါ်လာခဲ့၏"

(ဦးသော်ဇင်၊ မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ)

ထိုသို့ဖြင့် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ရတနာသုံးပါးကို ယုံကြည်အားထား ကိုးကွယ်ဆည်းကပ်ကြသော ဗုဒ္ဓဘာသာဝင်တို့သည် မြတ်စွာဘုရား၏ ကိုယ်စား ကိုယ်ပွားအားဖြင့် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီစသည်ဖြင့် စေတီလေးပါးကို တည်ထားကိုးကွယ်ခဲ့ကြပါသည်။

ကျွန်ုပ်တို့၏ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် သာသနာပြုမင်းတို့၏ ချီးမြှောက်ထောက်ပံ့မှုဖြင့် ဗုဒ္ဓကိုယ်ပွားစေတီဘုရားများကို တည်ထားကိုးကွယ်ခြင်း၊ ဗုဒ္ဓ၏အဆုံးအမ၊ တရားဓမ္မနှင့်အညီ ကျင့်ကြံအားထုတ်ခြင်း၊ သံဃာတော်တို့အား ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းခြင်း၊ ကိုးကွယ်ဆည်းကပ်ခြင်း စသည်ဖြင့် ဗုဒ္ဓသာသနာအရောင်ကိုထွန်းပြောင်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ မြန်မာတို့အဓိကထားသည့် ကျင့်ဝတ်တစ်ရပ်မှာ အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် "မြန်မာလူမျိုးအကြောင်း သိလိုလျှင် သူတို့ကိုးကွယ်ဆည်းကပ်သော ဗုဒ္ဓဘာသာကို နားလည်အောင် ပထမဦးစွာလေ့လာသင့်သည်"ဟု H. Fielding Hall ကဆိုခဲ့သည်။ "သူတို့နေအိမ်များမှာ အလင်းရောင်ကောင်းစွာရသကဲ့သို့ သူတို့၏ ဘာသာရေးမှာလည်း နေရောင်ကဲ့သို့ အလွန်ပင် ထွန်းလင်းတောက်ပြောင်လှပေသည်"ဟု သူကဆိုခဲ့သည်။

သာသနာပြုမင်းတို့နှင့်တကွ ဗုဒ္ဓဘာသာဝင်မြန်မာတို့ ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့ကြသော စေတီပုထိုးများနှင့်တကွ သာသနိက အဆောက်အအုံတို့သည် မြန်မာတို့၏ မိမိတို့ဘာသာအပေါ် ယုံကြည်မှုသဒ္ဓါတရား၊ မိမိတို့၏ယဉ်ကျေးမှုအဆင့်အတန်း၊ မိမိတို့၏ဂုဏ်သိက္ခာ၊ မိမိတို့၏ဇာတိမာန်ကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။

ဂေါပကအဖွဲ့ဝင်တစ်ဦး

ဗုဒ္ဓမြတ်စွာကို ယုံကြည်အားထား ကိုးကွယ်ဆည်းကပ်ခြင်း၊ တရားဓမ္မနှင့်အညီ လိုက်နာကျင့်ကြံခြင်း၊ သံဃာတော်တို့၏ အဆုံးအမကို ခံယူခြင်းများကြောင့်ပင် မြန်မာတို့သည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာနေထိုင်နိုင်ခဲ့ကြသည်။ သာသနာအရောင် ထွန်းပြောင်သည်နှင့်အမျှ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်းသည်လည်း ထွန်းလင်းတောက်ပြောင်နေမည် ဖြစ်ပါသည်။

ယနေ့နိုင်ငံတော်အစိုးရသည် သာသနာ့ဒါယကာအဖြစ် ခံယူကာ ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာ့ သမိုင်းတွင် သာသနာ့အရောင်အထွန်းပြောင်ဆုံးသော အချိန်အခါ သမယဖြစ်ပါသည်။

ယင်းသို့ နိုင်ငံအကြီးအကဲများက ဦးဆောင်ဦးရွက်ပြု၍ ဗုဒ္ဓသာသနာ့တာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း၌ ကြည်ညိုဖွယ် သပ္ပာယ်တင့်တယ်လှစွာသော စေတီပုထိုးများ၊ ခံ့ညားထည်ဝါလှစွာသော သာသနိကအဆောက်အအုံများကို ဖူးမြင်တွေ့ရှိနိုင်ကြပေသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့အနေဖြင့်လည်း မိမိတို့ ကိုးကွယ်ဆည်းကပ်ကြသော စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိသကဲ့သို့ စေတီပုထိုးများနှင့် သာသနာ့ပရိဝုဏ်၏ မြင့်မြတ်သန့်စင်မှုကို မစွန်းမထင်း မညစ်မနွမ်းရလေအောင် အလေးထားကာကွယ်ထိန်းသိမ်းကြရမည့် တာဝန်လည်း ရှိနေသည်။

မိမိတို့ကိုးကွယ်ဆည်းကပ်သော ဗုဒ္ဓကိုယ်ပွား စေတီပုထိုးများသို့ အဖူးအမြော်လာရောက်ကြခြင်းသည်ကား ဗုဒ္ဓမြတ်စွာကို ကြည်ညိုအားထား ကြ၍၊ ဗုဒ္ဓ၏အရိပ်အာဝါသကို ခိုလှုံကြခြင်းဖြင့် စိတ်၏ အေးငြိမ်းချမ်းသာခြင်း သုခကို ခံစားလိုကြ၍၊ ဗုဒ္ဓ၏တရားဓမ္မနှင့်အညီ ကျင့်ကြံအားထုတ်လိုကြ၍ ဖြစ်သည်။

ယင်းသို့ အဆူဆူသောစေတီပုထိုးများသို့ ရှိခိုးပူဇော်ရန်၊ အလှူဒါနပြုရန်၊ သူတော်ကောင်းတရားပွားများရန်၊ စိတ်၏အေးငြိမ်းချမ်းသာမှုကို ရရှိခံစားနိုင်ရန် လာရောက်ကြသူများသည် ၎င်းတို့ရည်မှန်းသည့်အတိုင်း ပြည့်ပြည့်ဝဝ ခံစားနိုင်ကြပါသလား။ လက်တွေ့အားဖြင့် အပြည့်အဝ မခံစားနိုင်ကြ။ စိတ်အနှောင့်အယှက်ဖြစ်စေမှုများရှိနေသည်။ ယင်းကား ...စေတီပုထိုး တို့၏ မွန်မြတ်သန့်စင်သော သာသနာ့ပရိဝုဏ်၌ သမုဒယဖွဲ့နှောင် ကိလေသာ အမှောင်ဖြင့် အညစ်အနွမ်းပြုနေကြသော မောင်နှံစုံတွဲတို့ကြောင့်ပင် ဖြစ်တော့သည်။

စေတီတော်နှင့်တကွ ဗုဒ္ဓသန္တက ပစ္စည်းအရပ်ရပ်ကို စောင့်ရှောက်ထိန်းသိမ်းကြသော ဂေါပကအဖွဲ့တို့ကလည်း တတ်နိုင်သမျှ မေတ္တာရပ်ခံဖယ်ရှားကြသည်။ ရှေ့ကသွား၊ နောက်ကရောက်လာ... "မုန့်လုံးစက္ကူကပ်"အဖြစ်များလည်းရှိခဲ့သည်။ တစ်ခါတစ်ရံမချေမငံနှုတ်လှန်ထိုးခံရသည်များလည်းရှိခဲ့သည်။

တစ်ခါက စာရေးသူ၏ ဌာနအကြီးအကဲ ဦးဆောင်ညွှန်ကြားရေးမှူး၏ ဇနီးနှင့်အဖွဲ့သည် ဘုရားဖူးလာသည်။ စာရေးသူက မိတ်ဆက်စကားပြောပြီး စေတီတော်သမိုင်းကို ရှင်းလင်းတင်ပြသည်။ သည်တော့..."အေးကွယ်... မင်းတို့စေတီတော်ကြီးက တင့်တယ်၊ သပ္ပာယ်၊ ကြည်ညိုဖွယ်လည်းကောင်းလှပါရဲ့၊ တရားအားထုတ်ဖို့နေရာတွေလဲ သီးသီးသန့်သန့်၊ ဆိတ်ဆိတ်ငြိမ်ငြိမ်ရှိပါရဲ့၊ ဒါပေမယ့်...စုံတွဲတွေကတော့ ယိုသူမရှက်မြင်သူရှက်... ဆိုးလှသကွယ်"ဟု အကြီးအကဲ၏ဇနီးက ဆိုလိုက်တော့... စာရေးသူ ဖြန်းခနဲ ချောက်ထဲကိုဇောက်ထိုးကျသွားသလို ခံစားရဖူးသည်။

ဂေါပကအဖွဲ့အနေဖြင့်လည်း ဝန်ထမ်းများကို တာဝန်ပေးပြီး တတ်နိုင်သမျှရှင်းလင်းစေသည်။ သို့သော် အထက်ကဆိုခဲ့သည့်အတိုင်း ရှင်းလင်းသည့်အခိုက်အတံ့သာ...နောက်ပိုင်းပြန်ရောက်၊ ပြန်ရှင်းနှင့်သံသရာလည်နေသည်။ ပီပီပြင်ပြင် မထိန်းသိမ်းနိုင်ခဲ့သည်မှာ အမှန်ဖြစ်သည်။

သာသနာ့ ပရိဝုဏ်အတွင်း စုံတွဲများ မဖွယ်မရာ၊ မလျော်မကန် ပြုမူနေထိုင်ကြခြင်းကြောင့် သာသနာကို ညစ်နွမ်းစေသည်။ တရားဓမ္မကို ကျင့်ကြံအားထုတ်ကြသော သူတော်ကောင်းတို့နှင့်တကွ ရဟန်းသံဃာတော်တို့အား စိတ်အနှောင့်အယှက်ပြုနေကြသည့် အခြေအနေကို နိုင်ငံ့အကြီးအကဲများက သိရှိပြီး သာသနာ့ပရိဝုဏ်နှင့် သာသနာ့မြေသန့်စင်ရေး၊ တိုင်းတစ်ပါးသားလူမျိုးများအမြင်တွင် ကဲ့ရဲ့ရှုတ်ချပြစ်တင်ဖွယ်များ မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များကို ချမှတ်ပေးလိုက်ပြီဖြစ်သည်။

"လိုအပ်သော ဒေသန္တရအမိန့်များ ထုတ်ပြန်ရန်၊ သတိပေးဆိုင်းဘုတ်များရေးထိုးစိုက်ထူရန်၊ ပညာပေးဖယ်ရှားရန်၊ မရကအရေးယူဆောင်ရွက်ရန်" စသည့် လမ်းညွှန်မှုများနှင့်တကွ အောက်ပါအတိုင်း လုပ်ငန်းအဆင့်များကို ချမှတ်ပေးထားပြီးဖြစ်သည်။

"စေတီတော် ရင်ပြင်တော်နှင့်တကွ သာသနိကပရိဝုဏ်အတွင်း မဖွယ်မရာ၊ မလျော်မကန် ပြုမူနေထိုင်ကြသော စုံတွဲများကို တွေ့ရှိပါက-

ပထမအဆင့်။ သတိပေးဆုံးမပြီး မှတ်တမ်းတင်ထားရှိရန်။

ဒုတိယအဆင့်။ မှတ်တမ်းဓာတ်ပုံရိုက်ယူပြီး မိဘ/အုပ်ထိန်းသူများထံ ဆက်သွယ်အသိပေးအပ်နှံရန်။"

စာရေးသူတို့ ဂေါပကအဖွဲ့အနေဖြင့် အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ခဲ့ပြီး ဂေါပကအဖွဲ့ဝင်များနှင့်တကွ အဆင့်ဆင့်သောဝန်ထမ်းများကိုလည်း အသီးသီး အသက အသက တာဝန်များ ချထားဆောင်ရွက်ခဲ့သဖြင့် နိုင်နိုင်နင်းနင်း ဖယ်ရှားသန့်စင်နိုင်ခဲ့ပြီးဖြစ်သည်။ ယင်းအခြေအနေကောင်းကို ပွဲပြီးမီးသေ သဘောမထားဘဲ အစဉ်အမြဲဆက်လက်ထိန်းသိမ်းရန်ကား လိုအပ်နေသေးသည်။

ဤနေရာတွင် ဘုရားဖူးလာသူများအနေဖြင့်လည်း သတိချပ်ရန် လိုအပ်ပါသည်။ သာသနာ့ပရိဝုဏ်နှင့် သာသနာ့မြေသည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေရာဖြစ်ပါသည်။ မကောင်းမှုဟူသမျှ ကင်းဝေးရာနေရာလည်း ဖြစ်ပါသည်။ မကောင်းမှုဟူသမျှကို ကာယကံ၊ဝစီကံဖြင့် မဆိုထားနှင့် မနောကံဖြင့်ပင် စိတ်ကူးကြံစည်ပြစ်မှားခြင်းမှ ရှောင်ကြဉ်ရမည့် နေရာဖြစ်ပါသည်။

တစ်ခါတစ်ရံ ဘုရားဖူးလာသူ မြန်မာအမျိုးသမီးအချို့၏ အနောက်တိုင်း ဆန်ဆန် မလုံ့တလုံ ဝတ်စားဆင်ယင်မှုများ၊ ထဘီကွဲ၊ စကတ်ကွဲ၊ ဘောင်းဘီ အတိုအရှည်စသည်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော ဝတ်စားဆင်ယင်မှုများသည် တွေ့မြင်ရသူဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ပါသည်။ အဆိုပါ အမျိုးသမီးအချို့သည် ၎င်းတို့၏ ဝတ်စားဆင်ယင်မှုကြောင့် ကုသိုလ်မရသည့်အပြင် အကုသိုလ်ပင်ဖြစ်စေပါသည်။ ဘုရားဖူးလာသူများအတွက်လည်း စိတ်အနှောင့်အယှက်များစွာဖြစ်စေပါသည်။ သို့ပါ၍ ဘုရားဖူးလာသူ မြန်မာအမျိုးသမီးများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကြရန် အထူးလိုအပ်ပါသည်။

စေတီပုထိုးများသို့ လာရောက်ဖူးမြော်ကြသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့ကလည်း မိမိတို့မွန်မွန်မြတ်မြတ် အားထားကိုးကွယ်ရာ ဗုဒ္ဓကိုယ်ပွား စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်များနှင့်တကွ သာသနိကနယ်မြေ သန့်စင်ရေး၊ လာရောက်ကြသော သူတော်ကောင်းများကို စိတ်အနှောင့်အယှက်မဖြစ်စေရေး၊ တိုင်းတစ်ပါးလူမျိုးများအမြင်တွင် ကဲ့ရဲ့ရှုတ်ချပြစ်တင်ဖွယ် မဖြစ်စေရေးတို့အတွက် ဝိုင်းဝန်းစောင့်ရှောက်ကြရန်လိုအပ်သည်။ ယင်းသို့စောင့်ရှောက်ကြခြင်းသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃတည်းဟူသော ရတနာသုံးပါးနှင့်တကွ ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်ခြင်းဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်တိုင်းက အလေးထား ထိန်းသိမ်းသင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်

ဤနေရာတွင် ဘုရားဖူးလာသူများအနေဖြင့်လည်းသတိချပ်ရန် လိုအပ်ပါသည်။ သာသနာ့ပရိဝုဏ်နှင့် သာသနာ့မြေသည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေရာဖြစ်ပါသည်။ မကောင်းမှုဟူသမျှ ကင်းဝေးရာ နေရာလည်း ဖြစ်ပါသည်။ မကောင်းမှုဟူသမျှကို ကာယကံ၊ ဝစီကံဖြင့် မဆိုထားနှင့် မနောကံဖြင့်ပင် စိတ်ကူးကြံစည်ပြစ်မှားခြင်းမှ ရှောင်ကြဉ်ရမည့်နေရာဖြစ်ပါသည်။

တစ်ခါတစ်ရံ ဘုရားဖူးလာသူ မြန်မာအမျိုးသမီးအချို့၏ အနောက်တိုင်း ဆန်ဆန် မလုံ့တလုံ ဝတ်စားဆင်ယင်မှုများ၊ ထဘီကွဲ၊ စကတ်ကွဲ၊ ဘောင်းဘီအတိုအရှည်စသည်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော ဝတ်စားဆင်ယင်မှုများသည် တွေ့မြင်ရသူ ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ပါသည်။ အဆိုပါ အမျိုးသမီးအချို့သည် ၎င်းတို့၏ ဝတ်စားဆင်ယင်မှုကြောင့် ကုသိုလ်မရသည့်အပြင် အကုသိုလ်ပင် ဖြစ်စေပါသည်။ ဘုရားဖူးလာသူများအတွက်လည်း စိတ်အနှောင့်အယှက်များစွာဖြစ်စေပါသည်။ သို့ပါ၍ ဘုရားဖူးလာသူ မြန်မာအမျိုးသမီးများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကြရန် အထူးလိုအပ်ပါသည်။ ။

စာမျက်နှာ ၉ မှ

ထိုကဲ့သို့ကျေးလက်နေပြည်သူများနှင့် မပြတ်ထိတွေ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပီပြင်စွာ အကောင်အထည် ပေါ်လာစေရအောင် ဦးဆောင်စည်းရုံးဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ပြည်သူများ၏ ပူးပေါင်း ပါဝင်မှုအားကိုရရှိပြီး မိမိတို့ လုပ်ငန်းတာဝန်များလည်း အောင်မြင် ဖြစ်ထွန်းမှာ ဖြစ်ကြောင်း။

သို့ဖြစ်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအချင်းချင်း၊ ဌာန အချင်းချင်း အမြဲမပြတ် ညှိနှိုင်းတိုင်ပင်လျက် ဌာနဆိုင်ရာများ၏ ပူးပေါင်း ဆောင်ရွက်မှု စွမ်းအား၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုစွမ်းအား၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအား တို့ကို ပေါင်းစပ်ပြီး မိမိဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လဲချားမြို့ပြည်သူ့ဆေးရုံ

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် လဲချားမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဓာတ်မှန်ခန်း၊ လူနာခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာငွေရည်ခိုင်နှင့် တာဝန်ရှိသူတို့က လိုက်လံပြသရှင်းလင်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအား (၂၅)ခုတင်ဆံ့ ဆေးရုံ၏အင်္ဂါရပ်များနှင့်အညီ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် လွိုင်လင်ခရိုင် မိုင်းနောင်မြို့သို့ ရောက်ရှိကြရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးကြီးဟန်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

အစီအစဉ်အရ မိုင်းနောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က မိုင်းနောင်မြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ မြေယာအသုံးချမှု၊ အဓိကသီးနှံ၁၀မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ ဒေသဖြစ်ထွန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ ဒေသဆီဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိရပ်ရွာ၊ မိမိ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဘဝတိုးတက် ဖြစ်ထွန်းရေး၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းအဝဝကို ပီပြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရအောင် လုပ်ငန်းကဏ္ဍအလိုက် ဌာနဆိုင်ရာ အသီးသီးကို နိုင်ငံတော်အစိုးရက ခန့်ထား တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး

သို့ဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးကလည်း မိမိတို့ဌာနအလိုက် ရည်မှန်းချက်တာဝန်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးနှင့် နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ မိမိတို့ တာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ထို့နောက် အထက်တန်းကျောင်းတိုးချဲ့ဆောင် ဆောက်လုပ်ရန် မြေနေရာကို ကြည့်ရှုပြီးတိုးချဲ့ စာသင်ဆောင်ဆောက်လုပ်ရေးစီမံဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နမ့်စန်မြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆို ကြသည်။

ထို့နောက် နမ့်စန်မြို့ ဧည့်ရိပ်သာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရွှေညောင်-နမ့်စန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

ရှမ်းပြည်နယ် ပင်လုံမြို့ ပင်လုံတက္ကသိုလ် အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

တွင် ရွှေညောင်-ဆိုက်ခေါင် လမ်းပိုင်းနှင့် မိုးနဲ-နမ့်စန်လမ်းအပိုင်း ဖောက်လုပ်ပြီးစီးနေမှု၊ ကျန်ရှိသော လမ်းပိုင်းကို ဆိုက်ခေါင်-ပွန်ချောင်း၊ ပွန်ချောင်းတံတား၊ ပွန်ချောင်း-နမ့်စန် အပိုင်းသုံးပိုင်းခွဲကာ ဖောက်လုပ်နေမှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေကြီးလုပ်ငန်း၊ တာပေါင်လုပ်ငန်း၊ ကျောက်စုခြင်းလုပ်ငန်း၊ ဇလီဖားစု ဆောင်းခြင်းလုပ်ငန်း၊ သံလမ်းစုဆောင်းခြင်းနှင့် သံလမ်းခင်းခြင်းလုပ်ငန်း၊ တံတားလုပ်ငန်းများပြီးစီးနေမှုအခြေအနေ၊ ရထားလမ်း ဖောက်လုပ်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို နည်းလမ်းရှာဖွေပေါင်းစပ်ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

သတ်မှတ်ချိန်ပြီးစီးရေးဆောင်ရွက်

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဆိုက်ခေါင်-နမ့်စန် ရထားလမ်းဖောက်လုပ်ရာတွင် မြန်မာ့မီးရထားမှ ရထားလမ်းတာပေါင်ဖို့ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက တံတားတည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ လွိုင်လင်တပ်နယ်မှ တပ်မတော်သားများက ကျောက်စုခြင်း၊ ဇလီဖားတုံးခင်းခြင်း၊ သံလမ်းတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို လည်းကောင်းရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သတ်မှတ်ချိန်အတိုင်း ပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးဝေဖြိုးက လယ်မြေဧက ၁၅၀၀ကို အကျိုးပြုမည့်နမ့်စန်မြို့နယ်ဝမ်ပုံရေလှောင်တမံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် လွိုင်လင်မြို့ အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ) အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၇-၅-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Gross Domestic Product (အိမ်တွင်းစီးပွား၊ ဥပဒေ)
၅း၃၅ ၁၀။ တိုင်းကျိုးပြည်ပြုဒို့ရှေးရှု
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ် ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ"**(အပိုင်း-၆)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်" သိုင်းညီနောင်ငါးဖော်** (အပိုင်း-၃)

စစ်တုရင်နာရီနှင့်ငွေလှူဒါန်း

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ စစ်တုရင်ပြိုင်ပွဲသုံး Digital နာရီ လေးလုံးနှင့် အဖွဲ့ချုပ်ရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၅ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင် အဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ ဦးဝင်းကျော်မိုး Managing Director(Pearl Agency and Services Co., Ltd.) က စစ်တုရင် ပြိုင်ပွဲသုံး Digital နာရီ လေးလုံးနှင့် အဖွဲ့ချုပ်ရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်းတို့ကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

(မြန်မာ့အလင်း)

တာမွေမြို့နယ် ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ ၂၆ ရက်က အထက (၅) ကျောင်းရှေ့တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်ပညာရေးမှူးဦးဝမ်းမောင်နှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၁၅)

■ *ကျောဖုံးမှ*

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့သည် အဖွဲ့ငယ် ငါးဖွဲ့ခွဲ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများ အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် ကဏ္ဍများအလိုက်အကြံပြုစာတမ်းများကို နံနက် ၉နာရီမှစ၍ ဆွေးနွေးပွဲခန်းမ (၅)၌ စာတမ်းများ ပြုစုရေးသားကြသည်။

ယင်းသို့ အကြံပြုစာတမ်းများ ပြုစုရေးသားရာတွင် ရန်ကုန်တိုင်းမှ ဦးသန်းမြင့်ခေါင်းဆောင်သော အဖွဲ့ငယ်(၁)က ကာကွယ်ရေးနှင့်လုံခြုံရေး ကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များကဏ္ဍကိုလည်းကောင်း၊ ဧရာဝတီတိုင်းမှ ဒေါ်ခင်စောမူ ခေါင်းဆောင်သော အဖွဲ့ငယ်(၂)က ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ(ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းကဏ္ဍ) ကိုလည်းကောင်း၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ဆွေ ခေါင်းဆောင်သော အဖွဲ့ငယ် (၃)က စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကိုလည်းကောင်း၊ မကွေးတိုင်းမှ ဦးအောင်စန်း ခေါင်းဆောင်သော အဖွဲ့ငယ်(၄)က စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍကိုလည်းကောင်း၊ မန္တလေးတိုင်းမှ ဦးအောင်မွန်ခေါင်းဆောင်သော အဖွဲ့ငယ်(၅)က လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍကိုလည်းကောင်း အသီးသီးအကြံပြုစာတမ်းများပြုစုရေးသားကြသည်။

ယင်းကဲ့သို့ အကြံပြုစာတမ်းများ ပြုစုရေးသားရာတွင် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၈ နာရီ ၅၅မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ နည်းပညာရှင် ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာသိန်းညွှန့် (ညွှန့်ဝေ-ကသာ)နှင့်ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့ကဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၅၆ ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၅၃ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ဒသမ ၆၄ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာသိန်းညွှန့်(ညွှန့်ဝေ-ကသာ)က အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများ အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ဥပဒေပြုရေးဆိုင်ရာ ကဏ္ဍနှင့်ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊သစ်တော၊မွေးမြူရေးလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ အယ်ဒီတာချုပ်(ငြိမ်း)နှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) တို့က အကြံပြုစာတမ်းများကို အသီးသီး တင်ပြကြသည်။

ယင်းနောက်သဘာပတိကနိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို မေ ၂၇ ရက်နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ ဦးစိုင်းအောင်ထွန်းနှင့် သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ (၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ ဦးအနက် ၁၀၈ ဦးတက်ရောက်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၈ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့်အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက်အလှည့်ကျသဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍဆိုင်ရာ လေ့လာရေးစာတမ်းပြုစုရေးအဖွဲ့ငယ်၊ လူမှုရေးကဏ္ဍဆိုင်ရာ လေ့လာရေးစာတမ်းပြုစုရေးအဖွဲ့ငယ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ လေ့လာရေးစာတမ်းပြုစုရေးအဖွဲ့ငယ်တို့က မိမိတို့အကြံပြုစာတမ်းများကိုသဘာပတိထံပေးအပ်ကြသည်။

ယင်းနောက် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ စာတမ်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်မျိုးမြင့်ကလည်းကောင်း၊ စက်မှုလက်မှုကဏ္ဍဆိုင်ရာစာတမ်းကို အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဦးကျော်မြင့်ကလည်းကောင်း၊ တရားစီရင်ရေးကဏ္ဍဆိုင်ရာစာတမ်းကို တရားရုံးချုပ်မှ ဦးဉာဏ်ထွန်းကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များက စာတမ်းများအပေါ် အကြံပြု ဆွေးနွေးကြပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၉ နာရီ ၅၇ မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ဆွေးနွေးပွဲခန်းမ (၇)၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသည့် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကို၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်တို့ တက်ရောက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖွဲ့များ ဖြစ်ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံ နည်းပညာရှင် ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစော အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အင်္ဂလန်နိုင်ငံ ဘာမင်ဟမ်မြို့ ဗုဒ္ဓဝိဟာရကျောင်းတိုက်ဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် မေ ၂၆

အင်္ဂလန်နိုင်ငံ ဘာမင်ဟမ်မြို့ ဗုဒ္ဓဝိဟာရကျောင်းတိုက် ပဓာနနာယက သက်တော်(၇၅)နှစ်၊ သိက္ခာတော် (၅၆)ဝါရှိ ပြည်ပသာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တရေဝတဓမ္မမဟာထေရ်သည် ၁၃၆၆ ခုနှစ် နယုန်လဆန်း ၈ ရက် (၂၆-၅-၂၀၀၄ ရက်) ဗုဒ္ဓဟူးနေ့နံနက် ဒေသစံတော်ချိန် ၇ နာရီတွင် ဘာမင်ဟမ်ဗုဒ္ဓဝိဟာရကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဒ္ဒန္တ ရေဝတ မဟာထေရ်မြတ်၏ အန္တိမဈာပန ဓမ္မပူဇာတရားပွဲများ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက် မိုးမခလမ်း ဇေယျသုခကျောင်းတိုက်၏ဦးစီးပဓာနနာယက ရန်ကုန်မြို့ ထားဝယ်ဆရာတော်များဦးစီးသော ထားဝယ်ရဟန်းတော်များနာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင်ဆုချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တရေဝတမဟာထေရ်မြတ်၏အန္တိမဈာပနဓမ္မပူဇာ တရားပွဲများကျင်းပမည်ဖြစ်ရာ မေ ၂၇ ရက် ည ၇ နာရီခွဲတွင် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တသူရိယာဘိဝံသ(မိုးတားဆရာတော်)ကလည်းကောင်း၊ မေ ၂၈ ရက် ည ၇နာရီခွဲတွင် မဟာဓမ္မာစရိယ M.A(Buddhism)(ဓမ္မစေတီထေရဝါဒဆရာတော်)ကလည်းကောင်း၊ မေ ၂၉ ရက် ည ၇ နာရီခွဲတွင် တိပိဋကရေတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)တို့ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်ရာ စမ်းချောင်းမြို့နယ် မိုးမခလမ်း ဇေယျသုခကျောင်းတိုက်သို့ တရားတော်နာကြွရောက်ကြပါရန် သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့အား ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အင်္ဂလန်နိုင်ငံ ဘာမင်ဟမ်မြို့ ဘာမင်ဟမ်ဗုဒ္ဓဝိဟာရကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဒေါက်တာဘဒ္ဒန္တရေဝတဓမ္မ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာကို ၁၂၉၁ ခုနှစ် နတ်တော်လဆန်း ၄ ရက် (ဗုဒ္ဓဟူးနေ့) တွင်ဟင်္သာတခရိုင် ဇလွန်မြို့နယ် သမန်းကုန်းကူးတို့ဆိပ် ရွာ၌ ခမည်းတော် အဘိဓမ္မာဆရာကြီး ဦးလူခင် - မယ်တော် ဒေါ်ပြန့်ကြီးတို့မှ ဖွားမြင်တော်မူခဲ့ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

၁၃နှစ်သားအရွယ်တွင် သမန်းကုန်းကူးတို့ဆိပ် ခါတော်မှိကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိဇယကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၂၁ ခုနှစ် ဟင်္သာတမြို့ မြစ်ကွေ့ဆရာတော်ဘဒ္ဒန္တနန္ဒဇကိုဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ အမှတ်(၁၅၁) ၄၆ လမ်းနေ ဦးတင်လှိုင်-ဒေါ်ခင်သောင်းတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ စမ်းချောင်း အောင်မင်္ဂလာသိဒ္ဓိကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ပရိယတ္တိစာပေ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကူးတို့ဆိပ် ခါတော်မှိကျောင်းဆရာတော် ဘဒ္ဒန္တ ဝိဇယ၊ ဟင်္သာတမြို့ ရေလဲရွာစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ ဥတ္တမ၊ ရန်ကုန်မြို့ စမ်းချောင်း အောင်မင်္ဂလာသိဒ္ဓိကျောင်းဆရာတော်၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော်များအထံ၌ ပါဠိအဋ္ဌကထာ ဋီကာတို့ကို သင်ယူတတ်မြောက်ခဲ့ပြီး အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်တော်မူခဲ့သည်။

သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

၁၉၅၉ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗာရာဏသီ ဆန်စကရစ်တက္ကသိုလ်မှ သင်္ကရိုက်ဘာသာဒီပလိုမာဘွဲ့ရသည်။ ၁၉၆၁ ခုနှစ်တွင် သင်္ကရိုက်ဘာသာ မဟာယာနကျမ်းစာဖြင့် ရှာဆထရီ(ဘီအေ)ဘွဲ့ရသည်။ ၁၉၆၄ ခုနှစ်တွင် သင်္ကရိုက်ဘာသာ အိန္ဒိယအဘိဓမ္မာဖြင့် မဟာဝိဇ္ဇာ(အမ်အေ)ဘွဲ့ကိုရသည်။ ၁၉၆၇ခုနှစ်တွင် ဝိသုဒ္ဓိမဂ္ဂကျမ်းလေ့လာချက်စာတမ်းဖြင့် ဟိန္ဒူတက္ကသိုလ်မှ ပီအိတ်ချ်ဒီဒေါက်တာဘွဲ့ကိုရသည်။ အဘိဓမ္မသင်္ဂဟကျမ်းကို ဟိန္ဒီဘာသာပြန်ဆို၍ စာမျက်နှာတစ်ထောင်ကျော်ရှိသော အဘိဓမ္မတ္ထပကာသိနီအမည်ရှိသော ဟိန္ဒီဘာသာဋီကာကျမ်းကြီးကို ရေးသားခဲ့ရာ ၎င်းကျမ်းစာဖြင့် ဟိန္ဒီဘာသာစာပေ ကာလီဒါသပထမဆုကို ရရှိခဲ့သည်။

ပြည်ပသာသနာပြုစွမ်းဆောင်တော်မူခြင်း

ဆရာတော်သည် ၁၉၇၅ခုနှစ်မှစ၍ အင်္ဂလန်နိုင်ငံ ဘာမင်ဟမ်ဗုဒ္ဓဝိဟာရကျောင်းတိုက်ကို ထူထောင်တော်မူခဲ့ပြီး ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့၌ လှည့်လည်၍ ဗုဒ္ဓဒေသနာတော်များကို ဟောကြားခဲ့သည်။ The First Discourse of the Buddha, A Comprehensive Manual of Abhidhamma နှင့် The Buddha and His Disciples အင်္ဂလိပ်ဘာသာကျမ်းများကို ပြုစုတော်မူခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာ တရားစခန်းများတွင် ဝိပဿနာကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဆေကဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ပြည်ပသာသနာပြုဆရာတော် ဘဒ္ဒန္တ ဒေါက်တာရေဝတဓမ္မအား ၁၃၆၁ခုနှစ် ခရစ် ၂၀၀၀ ပြည့်နှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် ပြည်ပသာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူရင်း သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၆)ဝါအရ ၁၃၆၆ ခုနှစ် နယုန်လဆန်း ၈ ရက် (၂၆-၅-၂၀၀၄)ရက် ဗုဒ္ဓဟူးနေ့ နံနက် ဒေသစံတော်ချိန် ၇ နာရီအချိန်တွင် အင်္ဂလန်နိုင်ငံ ဘာမင်ဟမ် ဗုဒ္ဓဝိဟာရကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၂ မှ

ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင်များက စာတမ်းပြုစုရေးအဖွဲ့များ၏ တင်ပြသော စာတမ်းများကို ဖတ်ကြားလေ့လာဆွေးနွေးညှိနှိုင်းကြပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ မြန်မာ့သမိုင်း အဖွဲ့အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူး ဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းတို့ တက်ရောက်ကြသည်။

ယင်း ညှိနှိုင်းအစည်းအဝေးတွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များတင်ပြကြသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် ကဏ္ဍများအလိုက် အကြံပြုစာတမ်းများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**

ကြွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အေးသာယာမြို့သစ် စက်မှုဇုန်၌ သံရည်ကျိုစက်ရုံတည်ဆောက်ရေးအတည်ပြု

ရန်ကုန် မေ ၂၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့သည် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ အေးသာယာမြို့သစ် စက်မှုဇုန်သို့ရောက်ရှိပြီး စက်မှုဇုန်အစည်းအဝေးခန်းမ၌ အေးသာယာစက်မှုဇုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဝန်ကြီးက ၂၀၀၄-၂၀၀၅ခုနှစ်ကို နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် အေးသာယာစက်မှုဇုန်တွင် စက်မှုလုပ်ငန်းများအတွက် အခြေခံအဖြစ်ဆောင်ရွက်ရမည့် သံရည်ကျိုစက်၊ ပုံဖိစက်၊ ပုံထောင်းစက်၊ ခုတ်စားစက်များကို နိုင်ငံတော်၏ပံ့ပိုးကူညီမှုဖြင့် တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှုနည်းပညာရှင်များအား စုစည်းလေ့ကျင့်ပြီး ဒေသခံစက်မှုလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ တိုင်းမှူးက ဒေသအတွင်းစက်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အတွက် စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းရာတွင် တစ်တပ်တစ်အား ပါဝင်လုပ်ဆောင်ပေးခြင်းပင်ဖြစ်ကြောင်းနှင့် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် အနီးကပ်ကြီးကြပ်သည့် အဖွဲ့များ၊ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် အေးသာယာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်က သံရည်ကျိုစက်ရုံတည်ထောင်ရန် စီးပွားရေးလုပ်ငန်းရှင်များ၏ အစုရှယ်ယာများထည့်ဝင်ထားမှု အခြေအနေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များထံမှ အစုရှယ်ယာများ ဖိတ်ခေါ်ပြီး ထည့်ဝင်ဆောင်ရွက်မှုအခြေအနေတို့ကိုရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် အေးသာယာစက်မှုဇုန်တွင် သံရည်ကျိုစက်ရုံကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်နိုင်ရန် စက်မှုဇုန်အနီးကပ်ကြီးကြပ်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အတည်ပြုပေးကြသည်။

သတ်မှတ်ပေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တာဝန်ရှိသူများလိုက်ပါ၍ အေးသာယာစက်မှုဇုန်၌ သံရည်ကျိုစက်ရုံစီမံကိန်းတည်ဆောက်မည့် မြေနေရာရွေးချယ်ထားမှုကိုကြည့်ရှုစစ်ဆေးပြီး အတည်ပြုသတ်မှတ်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာ/ အခွန် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)သို့ရောက်ရှိလာရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)အတွင်းရှိ ထုတ်ကုန်/သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ စီမံရေးရာဌာနခွဲ၊ ကာကွယ်ရေးဌာနခွဲ၊ စုံစမ်းစစ်ဆေးရေးဌာနခွဲ၊ ဘဏ္ဍာရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ နယ်ရုံးများကြီးကြပ်ရေးဌာနခွဲတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အကောက်ခွန် ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများအား တွေ့ဆုံရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်နယ်နှင့် တိုင်းအလိုက် နေရာချထားမှုများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန စီမံရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကိုကိုဦးက အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက လုပ်ငန်းတာဝန်များအား တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ထားသည့် လျာထားချက်များပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗန်ကောက်အလွတ်တန်းစစ်တုရင်ပြိုင်ပွဲ မြန်မာ့လက်ရွေးစင်များပါဝင်ဆင်နွှဲမည်

ရန်ကုန် မေ ၂၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဗန်ကောက်အလွတ်တန်း စစ်တုရင်ပြိုင်ပွဲကို မေ ၂၉ ရက်မှ ဇွန် ၂ ရက် အထိကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ လက်ရွေးစင် ရှစ်ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယှဉ်ပြိုင်

မြန်မာ့လက်ရွေးစင်စစ်တုရင်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယဌာနမှူး ဦးငွေအောင်(တိ/ကု)နှင့် သားသတ်ရုံများဌာန ရန်ကုန်မြို့တော်စည်ပင်က ဆောင်ရွက်ပြီး ပြိုင်ပွဲဝင် စစ်တုရင် လက်ရွေးစင်များ အဖြစ် လယ်/ဆည်မှ ဝင်းဇော်ထွန်းနှင့် ကြည်သိန်း၊ ပြည်ထဲရေးမှ ဒေါက်တာထွန်းလင်းကျော်နှင့် ကျော်ကျော်စိုး၊ မြို့တော်စည်ပင်မှ ဇော်ဝမ်းနှင့်စည်သူ၊ သစ်တောမှ ဒေါက်တာအောင်သန့်ဇင်၊ ကိုယ်ပိုင်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ မောင်မောင်တို့ဖြစ်ပြီး မြန်မာ့စစ်တုရင်လက်ရွေးစင်အဖွဲ့သည် မေ ၂၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗန်ကောက်သို့ လေကြောင်းခရီးဖြင့် ထွက်ခွာ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

(၅၆)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကော ဒသမ (၁၁)ပါးမြောက် ပေါ်ထွန်းလာသော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလအရှင်သူမြတ်အား ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)က ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မေ ၃၀ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ရခိုင်ပြည်နယ် ဓမ္မာရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ရမ်းဗြဲမြို့နယ်သူ မြို့နယ်သားများနှင့် ကြည်ညိုပူဇော်လိုသူများ ကြွရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့်မြေစာရင်းမွမ်းမံသင်တန်းဖွင့်

ရန်ကုန် မေ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့်မြေစာရင်းမွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၀၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတွင် မေ ၂၄ရက်က ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမြင့်ဆွေနှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းသို့ ပြည်နယ်နှင့်တိုင်းအသီးသီးမှ မြေတိုင်းစာရေးသင်တန်းသား ၂၀၀တက်ရောက်ကြပြီး သင်တန်းကာလ သုံးလကြာမြင့်မည်ဖြစ်သည်။ နိုင်ငံတော်၏ လယ်ယာကဏ္ဍ အခြေခံမြေအသုံးချမှုနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စာရင်းများမှန်ကန်စွာကောက်ယူပြုစုရေးအတွက် မြေတိုင်းပညာနှင့်မြေ စာရင်းလုပ်ငန်းဘာသာရပ်များကို လေ့ကျင့်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊ အမှတ်(၁၀)ဖြန့်ချိ

ရန်ကုန် မေ ၂၆

ဒဂုံရတနာအိမ်ရာစီမံကိန်းဧရိယာအား စက်မှုဇုန်အဖြစ် ပြောင်းလဲ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ စက်မှုဇုန်(၃) ပိုမိုကျယ်ပြန့်လာ၊ ဒီဇယ်အင်ဂျင် မျိုးစုံပြည်တွင်းမှာထုတ်လုပ်မည်၊ မြန်မာနှင့် မလေးရှား ပီနန်ဆိပ်ကမ်း တိုက်ရိုက်ကုန်သွယ်မည်၊ မြန်မာ-လာအိုနှစ်နိုင်ငံဆက်သွယ်မည့် မဲခေါင် မြစ်ကူးတံတားတည်ဆောက်ရန် ပဏာမစူးစမ်းလေ့လာရေး စတင်ပြီ စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

အီရတ်သုံ့ပန်းတို့အား စော်ကားမှုဖြင့် အထူးတပ်သားစစ်သည် ထောင်ဒဏ်ကျခံရပြီ၊ အမြွာတွေ မွေးပဲမွေးနိုင်လွန်း လာပြန်ပြီ ခြောက်မြွာပူး၊ သွေးဆုံးရောဂါအတွက် ဟော်မုန်းဓာတ်ကုထုံးသည် ရင်သားကင်ဆာဖြစ်ရန် အလားအလာနှစ်ဆမကရှိဟုဆို၊ စီကိုအက်ပဆန်၏ လက်မ ၄၀ ရုပ်မြင်ဖန်ပြင် ကမ္ဘာ့ပထမဇီဝလျှပ်စစ်မီးစုန်း ပြကွက်ဖြစ် စသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာကို e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(က-ပ)**

ထူးကဲဒီရေတက်ဖွယ်

ရန်ကုန် မေ ၂၆

၂၀၀၄ခုနှစ် ဇွန် ၂ရက်မှ ၅ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်၌ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ၀၈ ပေခန့်မှ ၂၀ဒသမ၃၇ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော ပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမည်ပြောင်းလဲခေါ်ပါရန်

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ ဘုရင့်နောင်လမ်းနေ အဖ ဦးသန်းအောင်၏ သမီး ပဉ္စမတန်းတွင် ပညာသင်ကြားမည့် မမှုံချယ်ရီအောင်ကို ယနေ့မှစ၍ မြတ်ချယ်ရီအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မြတ်ချယ်ရီအောင်။**

မေ ၂၆ရက်က ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရွှေမြိုင်သီရိသီလရှင်စာသင်တိုက် သာသနာ့ပဋ္ဌာနတသုံးထပ်ကျောင်းဆောင်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေကိုလက်ခံစဉ်။ (ရန်ကုန်တိုင်း)

အဆင့်မြင့်တန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲဆက် လယ်ယာ/ဆည်မြောင်းက ပတ္တမြားနဂါးကိုအနိုင်ရရှိ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ လယ်ယာ/ဆည်မြောင်းအသင်းက ပတ္တမြားနဂါးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို လယ်ယာ/ဆည်မြောင်း အသင်းမှ ထွေးမောင်က ရရှိသည်။ လယ်ယာ/ဆည်မြောင်းအသင်းသည် ကွာတားဖိုင်နယ် တက်ရောက်သွားပြီဖြစ်ရာ ဇွန်၄ရက်တွင် ပို့ဆောင်ရေးအသင်းနှင့် သတ္တုတွင်းအသင်းပွဲစဉ်မှ အနိုင်ရရှိသူနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မေ ၂၇ရက်(ယနေ့) ညနေတွင် သုဝဏ္ဏ ဘောလုံးကွင်း၌ တပ်မတော်(ကြည်း)အသင်းနှင့် တံခွန် အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၄ခုနှစ် (၈)ကြိမ်မြောက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အိုးပင်း(တစ်ဦးချင်း)စစ်တုရင်ပြိုင်ပွဲကို ဇွန် ၁၇ ရက်မှစတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန သီတာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆုကြေးငွေများအဖြစ် ပထမဆုကျပ် ၂၀၀၀၀၊ ဒုတိယကျပ် ၁၅၀၀၀၊တတိယ ကျပ် ၁၀၀၀၀၊ စတုတ္ထ ကျပ် ၇၅၀၀ နှင့်ပဉ္စမ ကျပ်၅၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် စစ်တုရင်အားကစားသမားများသည် ဇွန် ၁၆ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်(အောင်ဆန်းကစားပြိုင်ဝင်း)သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ၅၂ လမ်း၊ အမှတ် ၉၉ နေ (ဦးဝင်းမြင့်)-ဒေါ်လှထွေးတို့၏သားကြီး
မောင်ဝင်းကိုကို B.Sc (Physics)
M.Sc (Environmental Science) M.Sc (International Communication, Nagoya University)
MEIWA TECHNICAL Co., Ltd. Aichiken, Japan နှင့်
ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ မြစံပယ်ရိပ်သာလမ်း၊ အမှတ်(၉)နေ
ဦးခင်မောင်မြင့် ညွှန်ကြားရေးမှူး(ဆည်မြောင်းဦးစီးဌာန)-ဒေါ်ကြည်ကြည်ဝင်းတို့၏ သမီးကြီး
ဒေါက်တာအိအိခင် M.B.,B.S(Ygn)
Ph.D (Obstetrics & Gynaecology) Nagoya University

တို့၏ ၁-၅-၂၀၀၄ရက်တွင် မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာလက်မှတ်ရေးထိုးပွဲ အခမ်းအနားနှင့် နေအိမ်၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဂုဏ်သရေရှိ လူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးများနှင့် မိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းကိုကို-ဒေါက်တာအိအိခင်။



မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဒေါ်ကေသီစိုးသိမ်း (အမက-၂၊ ကမာရွတ်)

မွေးနေ့မင်္ဂလာမှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ အမျိုးမြင့်မြတ်၊ ထူးချွန်ထက်မြက်၍ ကောင်းခြင်းမင်္ဂလာအဖြာဖြာ ပြည့်စုံနိုင်ပါစေ။

မေမေ - ဒေါ်မူမူအေး
မမ - သိင်္ဂီစိုးသိမ်း
ကိုကို - သူရစိုး
မမ - နွယ်နီစိုးသိမ်း
ညီမလေး - ချယ်ရီစိုးသိမ်း

HAPPY BIRTHDAY MAY MAY!
SHIN THANT @ PRECIOUS

ချစ်သော-'ကေကေ'အတွက်

မွေးနေ့ရက်မြတ်မှသည် ဘိုဘို၊ အာနိုးတို့နဲ့အတူ နှစ်တစ်ရာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့ပါစေ။

အင်ကြင်း၊ ယွန်းယွန်း၊
ဖိုးသား၊ အေးချမ်းစိုး၊ အာဖြိုး၊ ညီပုလေး၊ ညီငယ်လေး၊ ပိုင်ခန့်စိုး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ ခုနှစ် မေ ၂၆ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)တွင် တပ်ဆင်အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်
(က)	ရေတွန်းစက် ခြောက်လုံးနှင့် ဆက်စပ်ပစ္စည်းများ
(ခ)	ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းသုံး လျှပ်စစ်ပစ္စည်းများ

ဈေးနှုန်းလွှာများကို ၂၅-၆-၂၀၀၄ရက် ညနေ ၄ နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစု၊ ဖုန်း-၂၈၂၅၃၄၊ ၂၄၉၆၅၅၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

လူပျောက်ကြော်ငြာ

မဦးဝေသိန်း (၁၃)နှစ်၊ အသားမည်း၊ ကုလားဆင်(ပေါက်တော၊ ရခိုင်ပြည်နယ်)သည် ၁၆-၅-၂၀၀၄ရက်တွင် နေအိမ်မှထွက်သွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်။ **ဦးထွန်းလှ**

၂၈/၄၆၊ အာသာဝတီ ၂လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်၊ ရုံးဖုန်း-၆၆၂၉၉၉။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

ယာဉ်မောင်း ကျား (၅)ဦး
ကားကောင်း မောင်းနိုင်သူ၊
ဖယ်ရီကား/ရုံးကား မောင်းနိုင်သူ၊
အရောင်းကား နှစ်တန်/သုံးတန်ကားများ မောင်းနိုင်ပြီး နယ်လမ်းကြောင်း အတွေ့အကြုံရှိသူ။

အထက်ပါ အလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာသည့်ရက်မှ ၄ါးရက်အတွင်း မိမိတို့ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊အကျင့်စာရိတ္တထောက်ခံစာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အိမ်လိပ်စာအပြည့်အစုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စု ဇယားမိတ္တူတို့နှင့်အတူ စာတိုက်သေတ္တာအမှတ်(၉၀၅)သို့ ပေးပို့လျှောက်ထားနိုင်သည်။

သိပ္ပံနှင့်အနုပညာ ပေါင်းစပ်ထားသည့် ဖျော်ဖြေရေးမီဒီယာ

သတင်းဆောင်းပါး – မောင်ငြိမ်းချမ်း
ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

"သီချင်း သီဆိုရာမှာအသံရဲ့အတိမ်အနက်ကို သိဖို့ လိုပါတယ်"
ကိုလင်းလင်း
(အဆိုတော်)

ရန်ကုန် မေ ၂၅

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ တိုးပွားစေရန် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌မာလ်တီမီဒီယာနှင့်အင်တာနက် ဆောင်ရွက်မှုလုပ်ငန်းများသည် သတိပြုစိတ်ဝင်စားဖွယ်ရာ လုပ်ငန်းများဖြစ်လာခဲ့သည်။ မာလ်တီမီဒီယာလုပ်ငန်းသည် နိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းခဲ့သော်လည်း မာလ်တီမီဒီယာ၏ သိမ်မွေ့နက်နဲမှုကို သိရှိသူများနည်းနေပေသေးသည်။

လက်တွေ့တွင် မာလ်တီမီဒီယာနည်းပညာတိုးတက်မှုများကို လေ့လာဆည်းပူးကြလျှင် အနာဂတ်လူမှု စီးပွားရေးဘဝ တိုးတက်မှုတို့ကို အထောက်အကူပြုမည်မှာ မလွဲဧကန်ပင် ဖြစ်သည်။

မာလ်တီမီဒီယာဆိုသည်မှာစာသားများ၊ ရုပ်ပုံများ၊ အသံဖိုင်များ၊ ဗီဒီယို၊ ရုပ်ရှင်ဖိုင်များစသည့် မီဒီယာပေါင်းစုံတို့ကို ကွန်ပျူတာ နားလည်သော ဒစ်ဂျစ်တယ်မီဒီယာအဖြစ် ပေါင်းစုဖွဲ့စည်းပြီး ကွန်ပျူတာဖြင့် ထိန်းချုပ်ကာ အသုံးပြုသူ လိုအပ်သလို ပါဝင်သက်ရောက်နိုင်သော မီဒီယာ လုပ်ငန်းတစ်ခုဖြစ်သည်။

ထိုလုပ်ငန်းများကိုလူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် SAE Instituteတို့ ပူးပေါင်းဖွင့်လှစ်သည့် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ယခင်အမှတ် (၃)ဒေသကောလိပ်ကျောင်းဝင်းအတွင်းရှိမီဒီယာတီထွင်မှုနည်းပညာသင်တန်းကျောင်း (CMTC)သို့ မြန်မာ့အလင်း သတင်းဆောင်းပါးအဖွဲ့ကသွားရောက်တွေ့ဆုံမေးမြန်းလေ့လာခဲ့သည်။

"ကျွန်တော်တို့ကျောင်းမှာမာလ်တီမီဒီယာသင်တန်းနဲ့ အော်ဒီယိုအင်ဂျင်နီယာ

"မီဒီယာလုပ်ငန်းမှာ အဆင့်မြင့်နည်းပညာတွေကို တတ်မြောက်ပြီး လက်တွေ့ နယ်ပယ်မှာ အသုံးချမှာပါ"ကိုကျော်လင်းထိန်(အော်ဒီယို)

သင်တန်းနှစ်မျိုး ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ သင်တန်းကို ၂၀၀၃ ခုနှစ် ဩဂုတ်လမှာ စဖွင့်ခဲ့ပါတယ်။ နိုင်ငံခြားကဆရာတွေနဲ့ နိုင်ငံခြားပြန် မြန်မာဆရာတွေ စုပေါင်းပြီး ကျောင်းသား ၂၀၀ကျော်ကို သင်ကြားပို့ချပေး

"အနာဂတ်ကာလမှာ ပိုမိုအဆင့်မြင့်တဲ့ အရုပ်၊ အသံတွေကို တွဲဖက်ပြီး ခံစားရမှာပါ"
ကိုစိုးမိုး(မေ–စတူဒီယို)

နေပါတယ်၊ နည်းပညာထွန်းကားစ ကျွန်တော်တို့နိုင်ငံမှာ အဆင့်မြင့်နည်းပညာတွေကို လူငယ်လူရွယ်တွေ တတ်မြောက်စေချင်တဲ့ဆန္ဒနဲ့ ဖွင့်လှစ်သင်ကြားပေးတာပါ၊ သင်တန်းကိုအင်္ဂလိပ်ဘာသာနဲ့ ပို့ချပါတယ်၊ သင်တန်းမှာ ခေတ်မီပစ္စည်းကောင်းတွေနဲ့ ဗီဒီယို၊ အင်တာနက်၊ Animation၊ Online Publishingတွေကို စာတွေ့သင်ကြားပေးပြီး ခေတ်မီပစ္စည်းကိရိယာတွေနဲ့ လက်တွေ့ကိုယ်တိုင်ဖန်တီးရပါတယ်။သင်တန်းပြီးဆုံးရင် ဒီပလိုမာလက်မှတ်ပေးပါတယ်။ ဒီလက်မှတ်နဲ့ပဲစင်ကာပူ၊ ဩစတြေးလျမှာ အဆင့်မြင့်ပညာတွေ ဆက်လက် သင်ယူနိုင်ပါတယ်" ဟု သင်တန်းကျောင်းဆရာဦးစိုးမင်းလတ်က ရှင်းပြသည်။

သင်တန်းကျောင်းကို ခေတ်မီဆန်းပြားသော အသွင်သဏ္ဍာန်ဖြင့် တည်ဆောက်ထားသည်။ နိုင်ငံခြားစံချိန်မီ ပုံစံအခင်းအကျင်းများ ရှိသည်။ စာသင်ခန်း၊လက်တွေ့ခန်း၊ကွန်ပျူတာခန်း၊ အသံသွင်း၊ အသံဖမ်းခန်းများကို ခေတ်မီဆန်းပြားစွာ တည်ဆောက်ထားသည်။ တက်ရောက် သင်ကြားနေသော ကျောင်းသူကျောင်းသားများမှာ ရွှင်မြူးတက်ကြွနေကြသည်။ မိမိတို့လက်တွေ့ခန်းများအတွင်းဝင်ရောက်လေ့လာကြည့်ရာတွင် ကျောင်းသူကျောင်းသားများ ကိုယ်တိုင် ဆရာသင်ကြားမပြဘဲ လွတ်လပ်စွာဖြင့် ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

ထိုကျောင်းသားများ အနက်မှ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဘီအက်စ်စီဘွဲ့ရ ကျောင်းသားကိုကျော်လင်းထိန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော် ဒီသင်တန်းမျိုးကို ယခင်က မတက်ခဲ့ဖူးပါဘူး။ ကျွန်တော်ရဲ့ မူလလုပ်ငန်းက အော်ဒီယိုလုပ်ငန်း ဖြစ်ပါတယ်၊ ဒီသင်တန်းတက်တဲ့ ရည်ရွယ်ချက်ကတော့ အဆင့်မြင့် နည်းပညာတွေ သင်ယူပြီး မိမိလုပ်ငန်းမှာ အဆင်ပြေချောမွေ့စေဖို့

"အဆင့်မြင့် မာလ်တီမီဒီယာနည်းပညာတွေကို သင်ကြားရခြင်းဖြင့် ကိုယ်ပိုင်အတွေးအခေါ် အယူအဆတွေ တိုးတက်လာပါတယ်"
မသန္တာစိုးမြင့် (မန္တလေး)

ပိုမိုခေတ်မီတဲ့ အရုပ်တွေ၊ အသံတွေ ကြိုးစား ဖော်ထုတ်နိုင်ဖို့ ဖြစ်ပါတယ်"

ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်ကိုစိုးမိုး(မေ–စတူဒီယို)ကလည်း အဆင့်မြင့်နည်းပညာတွေ ထပ်မံလိုချင်လို့ ကျွန်တော် ဒီသင်တန်းကို လာတက်တာပါ။ အရင်က အမြင်၊ အကြားလောက်နဲ့ မှတ်သားနာယူခဲ့ရပြီး ယခုတော့ စာတွေ့၊ လက်တွေ့ကအစ အဆင့်မြင့်စက်ပစ္စည်းတွေ၊ အဆောက်အအုံတွေ၊ နည်းပညာတွေကို မှန်မှန်ကန်ကန် ရလာပါတယ်၊ ဒီသင်တန်းဟာအသံနဲ့ အရုပ်ဆက်စပ်ပေးတဲ့သင်တန်း ဖြစ်ပါ

"အဆင့်မြင့်နည်းပညာတွေကို လူငယ်လူရွယ်တွေတတ်စေချင်တဲ့ ဆန္ဒနဲ့ပါ" (ဆရာကိုစိုးမင်းလတ်)

တယ်၊ နည်းပညာတွေ၊ ခေတ်မီတဲ့ အသုံးအနှုန်း၊ ခေတ်မီတဲ့ တည်ဆောက်မှုတွေကို လေ့လာ သင်ကြားပြီး လက်ရှိလုပ်ငန်းမှာ ပြန်လည် ဖြည့်စွက်အထောက်အကူပြုမှာ ဖြစ်ပါတယ်။ အသံနဲ့ ပတ်သက်ပြီး နားလည်မှုနည်းပညာတွေ၊ ယခင်က ရုပ်ရှင်လုပ်ငန်းမှာ အသံသက်သက်၊ အရုပ်သက်သက်ကို ပေါင်းစပ် နေရာက ခေတ်မီတဲ့ အရုပ်၊ အသံတွဲဖက်နိုင်တဲ့ နည်းပညာတွေ ရလာပါတယ်၊ ဒါ့အပြင် အသံလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ အမြင်ဒီဇိုင်းတွေကိုလဲ သင်ကြားပေးပါတယ်"။

ထို့နောက်မာလ်တီမီဒီယာကို သင်ကြားနေသော မန္တလေးမြို့မှ မသန္တာစိုးမြင့်ကလဲ "ကျွန်မ စတူဒီယိုလုပ်ငန်းလုပ်ပါတယ်။ ဒီသင်တန်းကို လာတက်တော့ လက်တွေ့ထက် ပိုမိုကွာခြားတာ တွေ့ရပါတယ်။ အရင်တုန်းကတော့ မှန်းဆပြီး လုပ်ပါတယ်။ အခုတော့ စနစ်တကျ လုပ်နိုင်ပါပြီ။ ကိုယ်ပိုင် အတွေးအခေါ် အယူအဆတွေလည်း ထုတ်နိုင်ပါပြီ။ စာတွေ့ လက်တွေ့ အပြည့်အဝရပါပြီ၊မန္တလေးမှာလဲ ဒီလိုလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် မရှိသေးပါဘူး" ဟု ပြောကြားသွားသည်။ မော်ဒန် အဆိုတော်လင်းလင်းကလဲ "သီချင်း သီဆိုရာမှာ အသံရဲ့အတိမ်အနက်ကို သိဖို့ လိုပါတယ်၊ လက်တွေ့လုပ်ကြည့်၊ကိုယ်တိုင်အသံဖမ်းကြည့်၊ ဂီတ ပစ္စည်းတွေကို ကိုယ်တိုင် ကိုင်ကြည့်တော့မှ ပိုမိုနားလည်လာပါတယ်၊ပိုမို တိုးတက်လာပါတယ်၊ အရင်တုန်းက အကြားအမြင်အသိနဲ့ လုပ်လာတာပါ၊ အခုတော့ ချေချေမြစ်မြစ် သိနေပါပြီ"ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် ကွန်ပျူတာနည်းပညာများ ပိုမိုတိုးတက်လာသည်နှင့်အမျှ မီဒီယာလုပ်ငန်းများလည်း ခေတ်မီလာခဲ့သည်။ အဓိကအားဖြင့် စီးပွားရေးလုပ်ငန်းများတွင် ဝန်ဆောင်မှုမြှင့်တင်နိုင်ရန်အတွက် ဖျော်ဖြေရေးနှင့် မီဒီယာလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိရန်လိုအပ်လာခဲ့သည်။

ထိုလိုအပ်ချက်ကို အဆင့်မြင့် မာလ်တီမီဒီယာ၊ ဒစ်ဂျစ်တယ်ဖလင်၊ ဗီဒီယိုနှင့် အော်ဒီယိုအင်ဂျင်နီယာလုပ်ငန်းများ ဖန်တီးပေးရန်ဖြစ်သည်။ သိမ်မွေ့နက်နဲသည့် ပညာရပ်များကို သိပ္ပံနှင့်အနုပညာတို့ ဟန်ချက်ညီညီ ပေါင်းစပ်ထားသည့် မီဒီယာတီထွင်မှုနည်းပညာများသည် ခေတ်ကို အမီလိုက်နိုင်မည့် ဖျော်ဖြေရေး မီဒီယာလုပ်ငန်းများပင် ဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

သိမ်မွေ့နက်နဲသည့် ပညာရပ်များကို သိပ္ပံနှင့် အနုပညာတို့ ဟန်ချက်ညီညီ ပေါင်းစပ်ထားသည့် မီဒီယာတီထွင်မှု နည်းပညာများသည် ခေတ်ကို အမီလိုက်နိုင်သည့် ဖျော်ဖြေရေး မီဒီယာလုပ်ငန်းများပင်ဖြစ်။

အသံသွင်း၊ အသံဖမ်းလုပ်ငန်းများတွင် လူငယ်လူရွယ်များ စိတ်ပါဝင်စားစွာဖြင့် ဤသို့ လက်တွေ့လုပ် ကိုင် ကြသည်။

လေ့လာ

မာလ်တီမီဒီယာစာသင်ခန်းတွင် သင်တန်းသားများ ဤသို့ စိတ်ပါဝင်စားစွာ လေ့လာကြသည်။

27-5 (15).p65 1 03/24/1905, 9:32 PM

ပေးအပ်လှူဒါန်း

ပြင်ဦးလွင်မြို့၌ လူမှုရေးလုပ်ငန်းအသီးသီးတွင် အသုံးပြုရန်အတွက် အလှူငွေပေးအပ်ပွဲကို ပြင်ဦးလွင်မြို့ ထုံးဘိုရပ် အောင်မင်္ဂလာသုခကျောင်းတိုက်တွင် ကျင်းပရာ ပြင်ဦးလွင်မြို့သစ် သင်္ဂီလမ်း ဘီဘီ/၃၄နေ ဦးခင်မောင် (မြေစာရင်း-ငြိမ်း)က ဒုတိယအကြိမ် ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ရန်ကုန်မြို့ ကျားခေါင်းဆေးတိုက်ပိုင်ရှင် ဦးနေအောင်-ဒေါ်ဌေးဌေးအောင်တို့က ကွယ်လွန်သူမိခင်ကြီး ဒေါ်ကျော့အား ရည်စူး၍ အလှူငွေကျပ်ငါးသောင်းကိုလည်းကောင်း ပြင်ဦးလွင်မြို့ ဗုဒ္ဓဘာသာ လူမှုရေးအကျိုးဆောင်အဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (၂၈၀)

စက်ရေတွင်း ရေစက်ချမင်္ဂလာကျင်းပ

မော်လမြိုင် မေ ၁၃

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း၌ ငွေကျပ်သိန်း ၁၂၀ ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် တိုးချဲ့ဆွမ်းစားနှစ်ထပ်ကျောင်းဆောင်သစ်နှင့် စက်ရေတွင်း ရေစက်ချမင်္ဂလာအခမ်းအနားကို မေ ၉ရက်က ယင်းကျောင်းတိုက်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ သာသနာ့မာန်အောင်ဝဲပုံ့စာသင်တိုက် ပဓာန နာယက တိပိဋကရေ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်အပါး ၆၀ တို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေလှူဒါန်းကြကြောင်း သိရသည်။ **(၁၆၈)**

ဈေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး သီပေါမြို့လယ်ခမ္မာရုံတွင်ကျင်းပ

သီပေါ မေ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ ဈေးချိုတော် ဈေးသမဝါယမအသင်း လီမိတက်၏(၁၂)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက မြို့လယ်ခမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဒါရိုက်တာအဖွဲ့ဝင် ဒေါ်ခင်မြင့်က ဆောင်ရွက်ပြီး သဘာပတိ ဈေးချိုတော် ဈေးသမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးအေးကျော်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးခင်မောင်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အုပ်ချုပ်မှု ဒါရိုက်တာ ဦးစိုင်းစိန်မောင်က ဖတ်ကြားတင်သွင်းပြီး အသင်းသား ဒေါ်သင်းသင်းနိုင်က အကြံပြုဝေဖန်ဆွေးနွေးပြီး ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာ ရေးရှင်းတမ်းများကို အတည်ပြုချက် ရယူရန် ဒါရိုက်တာ အဖွဲ့ဝင် ဒေါ်မူမူက အဆိုတင်သွင်း၍ အသင်းသား ဦးနေမျိုးအောင်က ထောက်ခံဆွေးနွေးကာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးအေးကျော်က အကြံပြုချက်များကို ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ (၁၀၆)

အခြို့မြို့ အနယ်နယ် သတင်းများ

ပေါင်မြို့နယ်စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

ပေါင် မေ ၁၃

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို မေ ၈ ရက်က ပေါင်မြို့ မြို့နယ်အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားတွင် ပေါင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝေ၊ မောင်စိမ်းညို-ပေါင်က အမှာစကား ပြောကြားကြသည်။ ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်မြင့် (ကုန်းပွင့်ထွန်း၊ မွန်ပြည်နယ်)က အဖွဲ့ဝင် အစီရင်ခံစာ ဘဏ္ဍာရေးအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီးနောက် အစီရင်ခံစာအပေါ် တက်ရောက်လာကြသော စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ အတည်ပြုချက်ရယူကြကြောင်း သိရသည်။ **(၂၆၀)**

ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအုပ်စုတွင် နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မေ ၁၅ ရက်က ကျင်းပရာ ညောင်တုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်ထွန်းနှင့် ဝန်ထမ်းများက ရွာသူ ရွာသားများကိုယ်စား ဂန်ချောင်းကျေးရွာဥက္ကဋ္ဌ ဦးစိန်လှိုင်အားပေးအပ်စဉ်။ (၀၉၈)

ပြောကြား

မေ ၁၇ ရက်က ညောင်ဦး ခရိုင် / မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၃/၂၀၀၄) ဖွင့်ပွဲကို မြို့နယ်အနောက်ရထာခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (၃၀၀)

အလင်းရောင်စာကြည့်တိုက် ပြည်မြို့မော်ဇာအုပ်စုတွင်ဖွင့်

ပြည် မေ ၁၁

ပြည်မြို့နယ် မော်ဇာအုပ်စု ဈေးရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ၊ နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို မေ ၆ ရက်က အလင်းရောင်စာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

ယင်းအခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဉာဏ် မွေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကုလားတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** စာကြည့်တိုက်အကြောင်း သိကောင်းစရာ၊ ရေရှည်တည်တံ့ထိန်းသိမ်းရေးတို့ကို တာဝန်ရှိသူများက ဟောပြောကြသည်။

အလားတူ မှုတ်ရှည်ကျေးရွာအုပ်စု တွင်ရွှေတံခါး စာကြည့်တိုက်နှင့် အနောက် ရွာသစ်အုပ်စုတွင် ပညာမဏ္ဍိုင် ကိုယ့် အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်ကြကြောင်း သိရသည်။ **(၁၉၉)**

မတ္တရာ မြို့မဈေးကြီးအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းကို မေ ၃ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၈-၅-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်

(မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)

၁၁း၃၅ သုတရေးရာဖြေကြားလွှာ

၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်ကင်ပွန်းချဉ်ပင်)

၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ဆေးလိပ်ကလေးတစ်တို)

၁၃း၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဓာတ်လမ်း (တကယ့်စေတနာ)

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း (၁)သတိပြုဖွယ်ဆေးလိပ် အန္တရာယ်(ခေါင်းကြီး) (၂)ခေါ်ချင်သလိုသာခေါ်ပါ

(ဆောင်းပါး)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၄၅ သိပ္ပံပညာသိကောင်းစရာ (နုပျိုခြင်းနှင့် အိုမင်းခြင်း- မောင်ဆုရှင်)

ကွင်းဆင်းဆောင်ရွက်

မေ ၁၄ ရက်က အင်္ဂပူမြို့နယ် ထူးကြီးအုပ်စု ကျိတ်တော၊ အလယ်စုကျေးရွာသူ ကျေးရွာသားများအား နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။ (က-ပ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ဝမ်းတွင်းမြို့ တောင်ဇချမ်းကုန်းရွာနေ
ဦးကြည်အောင်–ဒေါ်မှတ် (ရွှေမောင်းသယ်ယူပို့ဆောင်ရေး)
တို့၏သားငယ်
မောင်နေလင်း B.Sc.(Maths:)
(ရွှေမောင်း ချည်ရောင်းဝယ်ရေး)
နှင့်
ဝမ်းတွင်းမြို့ အမှတ်(၁)နယ်မြေ အောင်မင်္ဂလာရပ်နေ
ဦးတိုး–ဒေါ်သျှမ်း (စိန်သရဖူ–ပေါ်ပြူလာချည်ချောလုံချည်)
တို့၏သမီးကြီး
မမိုးမိုးသင်း B.Sc (Physics)Q

တို့၏ ၂၀–၅–၂၀၀၄ ရက်တွင် ဦးတိုး–ဒေါ်သျှမ်းတို့၏ မင်္ဂလာနေအိမ်တွင် စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးသော ဝန်ကြီးချုပ်ရုံးဝန်ကြီး (ငြိမ်း)ဦးပန်းအောင်နှင့်ဇနီး ဒေါ်ညွန့်ညွန့်လွင်တို့အား လည်းကောင်း၊ မင်္ဂလာပန်းကုံးဆင်မြန်းပေးသော ပြင်ဦးလွင်မြို့ အောင်သစ္စာဆေးခန်းနှင့် ရတနာမြင့်ဆန်စက်ပိုင်ရှင် ဦးစောရီနှင့်ဇနီးဒေါ်စောခင်လေး၊ သစ်တောညွှန်ကြားရေးမှူး(ငြိမ်း) ဦးထွန်းသန်းနှင့်ဇနီး ဒေါ်ခင်ခင်တို့အားလည်းကောင်း၊ ဘိသိက်ရွှေမန်းအောင်ကြည်၊ စောင်းမှူမှူသိန်းနှင့်အဖွဲ့အားလည်းကောင်း၊ ၂၁–၅–၂၀၀၄ရက်တွင် ဝမ်းတွင်းမြို့ တိုးနယားခန်းမတွင် ပြုလုပ်သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာစိန်လက်စွပ်ဆင်မြန်းပေးသော ဝန်ကြီးချုပ်ရုံးဝန်ကြီး(ငြိမ်း) ဦးပန်းအောင်နှင့်ဇနီးဒေါ်ညွန့်ညွန့်လွင်တို့အား လည်းကောင်း၊ မင်္ဂလာရွှေဆွဲကြိုး ဆင်မြန်းပေးသော ဦးအောင်အောင်နှင့် ဇနီးဒေါ်လှလှဝေ (Great Diamond Jewellery Co., Ltd.) တို့အား လည်းကောင်း၊ မင်္ဂလာပန်းကုံးများ ဆင်မြန်းပေးသော သစ်တောညွှန်ကြားရေးမှူး (ငြိမ်း)ဦးထွန်းသန်းနှင့် ဇနီးဒေါ်ခင်ခင်၊ ဦးသန်းစိုးနှင့်ဇနီး ဒေါ်ယဉ်ယဉ်မြင့်(ရွှေပုဇွန် ချည်ချောလုံချည် ရန်ကုန်)၊ ဦးသန်းမြင့်နှင့်ဇနီးဒေါ်မိမိ(သိန်းအထည်စက် ဝမ်းတွင်းမြို့)တို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဒုတိယဗိုလ်မှူးကြီးစိန်မြင့် (စိတ်ရောဂါအထူးကုဆရာဝန်ကြီး၊ တပ်မတော်ဆေးရုံ ပြင်ဦးလွင်မြို့)၊ မင်္ဂလာပန်းကြဲပေးသော ညီမ မမိုးမိုးနှင်း၊ သတို့သားအရန် မောင်ထင်လင်းအောင်၊ သတို့သမီးအရန် မအမ်အေ၊ မင်္ဂလာရွှေမိုးငွေမိုးကြဲပေးသော မဖြူဖြူဝင်း၊ မင်္ဂလာပန်းကုံးကိုင်ပေးသော မဇင်နုအေးနှင့် မဇင်မာဌေး၊ မင်္ဂလာလက်စွပ် ဗန်းကိုင်ပေးသောမစုဇာဝေနှင်း၊ မင်္ဂလာဆွဲကြိုးဗန်းကိုင်ပေးသော မခင်စုစုဟန်တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်ရတနာဦးနှင့်မန္တလေးမြို့မ တေးဂီတအဖွဲ့အား လည်းကောင်း၊ မိတ်ကပ်၊ ဆံပင်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ မမဍူ (အင်းလျားလမ်း)၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးသော ဦးအောင်အောင်နှင့်ဇနီး ဒေါ်လှလှဝေ(Great Diamond Jewellery Co., Ltd.)နှင့် မင်္ဂလာမှတ်တမ်းတင် ဗီဒီယိုဓာတ်ပုံ ရိုက်ကူးပေးသော ဘိုအဖွဲ့၊ အစစအရာရာ ကူညီပေးသော ကိုသော်တာချစ်နှင့် ဇနီး မခင်စန္ဒာထွန်းတို့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ကြသော ဆွေမျိုး မိတ်သင်္ဂဟများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုးများ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေလင်း–မမိုးမိုးသင်း။



အမည်ပြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့ အထက(၁)နဝမတန်းတန်းခွဲ(၂)မှ မောင်ကိုကိုဇေအား မောင်ကြည်မိုးလွင်နှင့် မောင်ကိုကိုဇင်အား မောင်ကြည်ဖြိုးလွင်ဟု ခေါ်ပါရန်။

အမည်ပြောင်း

တမူးမြို့နယ်၊ ဟဲဇင်းရွာနေ ဦးထွန်းဦး၏သမီး မနု ၅/တမန(နိုင်) ၀၀၀၂၈၃ အား မနုနုဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မနုနုဝင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်–မန္တလေး
မန္တလေးမြို့

ပထမအကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်မန္တလေး၏ ပထမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးမြို့ မြို့တော်ခန်းမ(၁)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း – ၂၅–၆–၂၀၀၄ ရက်(သောကြာနေ့) နေ့လယ် ၂း၀၀ နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း – ၂၆–၆–၂၀၀၄ ရက် (စနေနေ့) နံနက် ၈း၀၀ နာရီ

ပထမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါကာလများတွင် ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ကျင်းပခဲ့သည့် ဘွဲ့ရစာမေးပွဲအောင်မြင်သူများ။

၂၀၀၄ ခုနှစ်ဧပြီလအတွင်း ကျင်းပခဲ့သည့် ဘွဲ့ရစာမေးပွဲ အောင်မြင်သူများ။

ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တက်ရောက်ဘွဲ့ ၁၅၀၀ိ/ (ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)

ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်–မန္တလေး ကျောင်းသားရေးရာဌာနစိတ်မှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် (၂လက်မ X၁ လက်မခွဲ) (အဖြူအမည်း)ဓာတ်ပုံပူးတွဲလျက် ၁၂–၅–၂၀၀၄ ရက်နေ့မှ ၂၈–၅–၂၀၀၄ ရက်နေ့အတွင်း တင်သွင်းကြရမည်။

ကျော်ငြိမ်း
လက်ထောက်မော်ကွန်းထိန်း။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၁၉/၂၀၀၄
(၂၀၀၄ခုနှစ်၊ မေလ ၁၈ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လုပ်ငန်းများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဌာနခွဲမှူး/အလုပ်ရုံခွဲမှူး (ကုန်ထုတ်/စီမံရေး)	စိုက်ပျိုးရေးပညာဘွဲ့ သို့မဟုတ် စိုက်ပျိုးရေးသိပ္ပံဘွဲ့	၃၈ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၅–၆–၂၀၀၄ရက်တွင် အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၅–၆–၂၀၀၄ ရက် အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ ဝင်ကြေး ငွေကျပ် ၅၀ိ/–ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေ စာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၅–၆–၂၀၀၄ ရက်အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကိုဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၃–၇–၂၀၀၄ ရက်နှင့် ၄–၇–၂၀၀၄ ရက်များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၁–၇–၂၀၀၄ရက်မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားကိုထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၈၁၆၃ သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

မအူပင်မြို့နယ်အတွင်းရှိ ဝါဆိုသံဃာတော်များ ပဥ္စမအကြိမ်မြောက် ရေချိုငါးပိ ပိဿာချိန် ၇၀၀ ဆက်ကပ်လှူဒါန်းပွဲကို မေ ၁၅ ရက်က မအူပင်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ကျင်းပရာ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးရဲမြတ်ဦး၊ မအူပင်မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးလှရွှေနှင့်ခရိုင်ငါးလုပ်ငန်းဦးစီးမှူးဦးတင်ထွန်းအောင်တို့က ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ရေချိုငါးပိများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၄၂၁)

ပေါက်မြို့နယ်ဆေးရုံ၌ ကျန်းမာရေးကွင်းဆင်းကုသ

ပခုက္ကူ မေ ၂

ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဌေး ဦးဆောင်သော အထူးကုဆရာဝန်ကြီး ကိုးဦးပါဝင်သော အဖွဲ့သည် ဧပြီ ၂၃ ရက်က ပခုက္ကူခရိုင် ပေါက်မြို့နယ် ဆေးရုံတွင် ဒေသခံပြည်သူ ၂၉၂ ဦးတို့အား ကျန်းမာရေးစစ်ဆေးကုသ စောင့်ရှောက်မှုများ ဆောင်ရွက်ပြီး အသေးစားခွဲစိတ်လူနာ တစ်ဦးအား ခွဲစိတ်ကုသ ဆောင်ရွက်ပေးခဲ့ကြသည်။

ကူညီ

နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမောင်နှင့်ကျန်းမာရေး ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(၄၁၃)**

မေ ၁၉ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်သန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျန်ထွေး တို့ ဗိုလ်ချုပ်လမ်းနှင့်အောင်မင်္ဂလာလမ်းတစ်လျှောက်လမ်းဘေးဝဲယာလူသွားစင်္ကြံများကို ကွင်းဆင်းကြီးကြပ်၍စနစ်တကျ ဆေးသုတ်ဆောင်ရွက်ကြစဉ်။ (၀၂၄)

လက်ခံ

အမှတ် ၅၁/၁၈ လမ်း လသာမြို့နယ်နေ ဒေါ်မြကြင်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဖြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်) နှင့် ပြန်ကြားရေးအဖွဲ့ ခေါင်းဆောင် ဒေါ်သန်းမြင့်အောင်တို့က လက်ခံရယူကြစဉ်။ (က–ပ)

စုပေါင်းစိုက်

သန်လျင်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင် ဦးဆောင်သော မြို့နယ်စည်ပင် ဝန်ထမ်းများ မေ ၂၅ ရက်က မြို့ အဝင်အထွက်နှင့် ကျိုက်ခေါက်ဘုရားလမ်းတစ်လျှောက် ပန်းအလှပင်ပေါင်း ၁၅၀၀ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းရင်းဆေး
ကမ်းဖြူကျေးရွာ၌ကွင်းဆင်းကုသ

ဇီးကုန်း(ထန်းတပင်) မေ ၃

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အစိုးရတိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး တိုင်းရင်းဆေးသမားတော် ဆရာမ ဒေါ်တင်နန်းနွယ်နှင့် အဖွဲ့သည် အရာတော်မြို့နယ် ကမ်းဖြူကျေးရွာတွင် ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်များက လူနာ ၈၇ ဦးတို့အား ဆေးဝါးကုသပေးကြပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ဆေးမှူး ဒေါ်တင်နန်းနွယ်က ဟောပြောခဲ့ကြောင်း သိရသည်။

(က–ပ)

၂၀၀၄ ခုနှစ် ရွှေတိဂုံစေတီတော်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန်ဖိတ်ခေါ်ခြင်း

ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့ပူးပေါင်း၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအား မျက်မှောက်ကာလတွင် ဖူးမြော်ကြည်ညိုရသည့် မြင်ကွင်းစုံတို့ကို ဓာတ်ပုံပညာဖြင့် မှတ်တမ်းပြုနိုင်ရန် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အောက်ပါအတိုင်း ကဏ္ဍများခွဲခြား ကျင်းပသွားမည်ဖြစ်ပါသည်။

ကြည်ညိုဖွယ်အဖုံဖုံ မြတ်ရွှေတိဂုံကဏ္ဍ – ရွှေတိဂုံစေတီတော်မြတ်ကြီးကို မိမိတို့နှစ်သက်ရာရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးထားသည့် ဓာတ်ပုံများ။

ရွှေတိဂုံဝန်းကျင် ရှုလေလျှင်ကဏ္ဍ – စေတီတော်ဝတ္တကမြေအတွင်းရှိ စေတီပုထိုး၊ ရုပ်ပွားဆင်းတု၊ တန်ဆောင်းဇရပ်၊ စောင်းတန်း၊ ရေတွင်းရေကန်၊သစ်ပင်ပန်းမန်အစရှိသော သာသနိကအဆောက်အအုံ ဝတ္ထုပစ္စည်းများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။

မြတ်ရွှေတိဂုံ ကုသိုလ်စုံကဏ္ဍ – စေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော်များ၊ ရဟန်းခံရှင်ပြု အလှူပွဲများ၊ ဝတ်ရွတ်၊ ဆွမ်းတော်ကပ်၊ တံမြက်လှဲ၊ ရောင်တော်ဖွင့်စသည့် ဘာသာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။

ရိုက်ကူးကာလနှင့် ဓာတ်ပုံအရွယ်အစား – ၁-၁-၂၀၀၃ ရက်မှ ၁၅-၉-၂၀၀၄ ရက်အတွင်း ရိုက်ကူးသည့် ၁၂လက်မ X ၁၈ လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ။

ပေးပို့ရမည့်ဓာတ်ပုံအရေအတွက် – အရေအတွက်အကန့်အသတ်မရှိ။

ဓာတ်ပုံနောက်ဆုံးပေးပို့ရမည့်အချိန် – ၁၅-၉-၂၀၀၄ ရက်၊ ညနေ ၄ နာရီ။

ဆုချီးမြှင့်ခြင်း(တစ်ကဏ္ဍချင်းအတွက်) – ပထမဆု ကျပ် ၃၀၀၀၀၀
– ဒုတိယဆု ကျပ် ၂၀၀၀၀၀
– တတိယဆု ကျပ် ၁၀၀၀၀၀
– နှစ်သိမ့်ဆု ငါးဆု ကျပ် ၅၀၀၀၀ စီ

ဓာတ်ပုံပေးပို့ရန်နှင့် ဆက်သွယ်စုံစမ်းရန် – ဂေါပကအဖွဲ့ရုံး၊ ရွှေတိဂုံစေတီတော် ဖုန်း-၂၅၁၈၅၁
မြန်မာနိုင်ငံဓာတ်ပုံအသင်း
အမှတ်(၂၇-၂၉)၊ ၃၅ လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၇၃၁၆၇

မွေးနေ့ဆုတောင်း

ဦးလှဌေး (မာစတာတေးသံသွင်း)ရဲ့ ၂၇-၅-၂၀၀၄ ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် ဘဝတစ်လျှောက်လုံး ကျန်းမာပျော်ရွှင် စိတ်ကြည်လင်ပြီး အရာရာပြီးပြည့်စုံသည့် မွေးနေ့များကို ရရှိပိုင်ဆိုင်နိုင်ပါစေဟု မာစတာတေးသံသွင်း မိသားစုက ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မာစတာတေးသံသွင်းမိသားစု။

ချစ်ခင်ပွန်းသို့ မွေးနေ့ဆုတောင်း

ချစ်ခင်ပွန်း ဦးလှဌေး (မာစတာတေးသံသွင်း)ရဲ့ ၂၇-၅-၂၀၀၄ ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် ကျန်းမာပျော်ရွှင်ချမ်းမြေ့ပြီးပြည့်စုံတဲ့ မွေးနေ့တိုင်းကို မြတ်နိုးတဲ့ ဂီတသံစဉ်လေးများနှင့်အတူ အောင်မြင်စွာဖြတ်သန်း၍ ထာဝရ ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက်---

ချစ်ဇနီးဝေ။

ဖခင်အမည်မှန်

ခရမ်းမြို့နယ် အထက (၂) နဝမတန်းမှ မောင်ခိုင်မင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်း TGN ၀၄၄၈၄ ဖြစ်ပါကြောင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၈၀၂၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း

အမည်ပြောင်း

အဖ ဦးမြင့်ဆွေ၏သားများဖြစ်ကြသော ပြင်ဦးလွင်မြို့ အထက(၂)နဝမတန်းမှ မောင်စိုးမင်းဦးအား မောင်စွမ်းထက်နိုင်ဟုလည်းကောင်း၊ သတ္တမတန်းမှ မောင်စိုးမင်းအောင်အား မောင်ထက်နိုင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်စွမ်းထက်နိုင်၊
မောင်ထက်နိုင်ဝင်း။

ဖခင်အမည်မှန်

ရန်ကုန်မြို့ သတ္တဗေဒ နောက်ဆုံးနှစ် ဒဂုံတက္ကသိုလ်မှ မောင်ဖြိုးဝေအောင် ၁၂/လကန(နိုင်)၁၇၂၃၂၅ ၏ ဖခင်အမည်မှန်မှာ ဦးလှညွန့်ဖြစ်ပါသည်။

ဦးလှညွန့်
၁၃/တခလ(နိုင်) ၀၀၁၉၄၁

အမည်ပြောင်း

အမက(၃)ဗဟန်း ဒုတိယတန်းမှ အဖ ဦးတင်မောင်ဆွေ၏ သားဖြစ်သူ မောင်သူရိန်ဆွေအား ယနေ့မှစ၍ မောင်သူရိန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရိန်။

မွေးအဖြစ်မှစွန့်လွှတ်ခြင်း

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/သဃက(နိုင်)၀၀၅၁၈၁ ကိုင်ဆောင်ထားသူ မောင်ကျော်မိုးထိုက်(ခ) ကူးကူးသည် အိုမင်းမစွမ်းရှိနေကြသော အဘိုးနှင့်အဘွားတို့ကို နေ့စဉ် ဒုက္ခအမျိုးမျိုးပေးနေပါ၍ ၎င်းနှင့်ပတ်သက်၍ ယနေ့မှစ၍ မည်သည့်ကိစ္စမျိုးများကိုမဆို လုံးဝ(လုံးဝ)တာဝန်မယူပါကြောင်းနှင့် ၎င်းကို မြေးအဖြစ်မှ ယနေ့မှစ၍ စွန့်လွှတ်လိုက်ပါသည်။ မေးမြန်းခြင်းသည်းခံပါ။

ဒေါ်ကြည်ကြည်မြင့်
၁၂/သဃက(နိုင်)၁၂၆၉၉၆
ဦးမောင်မောင်တင် LLM-026652

အများသိရှိရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့နေ အဖဦးချစ်ဖေ၏သား ကိုသူရဇော် ၉/မမန (နိုင်) ၀၂၁၈၅၇သည် လင့်ဝတ္တရားမကျေပွန်သည့်အပြင် နောက်အိမ်ထောင်ပြုသွားပါသဖြင့် နှစ်ဦးသဘောတူကွာရှင်း ပြတ်စဲခြင်းစာချုပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ကိုသူရဇော်နှင့်လုံးဝပတ်သက်ခြင်းမရှိတော့ပါကြောင်း နောင်တွင် ဟန့်တား နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဂုဏ်သိက္ခာထိပါးပြောဆိုခြင်းများ မပြုတော့ရန် ကိုသူရဇော်နှင့်ပတ်သက်၍ ငွေရေးကြေးရေး၊ လူမှုရေးကိစ္စများ တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မတင်မို့မို့ ၉/မနမ (နိုင်) ၀၂၉၂၇၁
ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်။

သင်ရွှေဆိုင်ဖွင့်လိုပါသလား?

သန်းဖြိုးရတနာရွှေဆိုင်မှ အထူးသတင်းကောင်း

ရွှေဆိုင်ဖွင့်လိုသူများနှင့်ရွှေပညာတတ်မြောက်လိုသူများအတွက်

(၁) ရွှေထည်၊ ကျောက်ထည်ရောင်းနည်း
(၂) ရွှေထည်၊ကျောက်ထည်ဝယ်နည်း
(၃) ရွှေထည်၊ကျောက်ထည်အပေါင်ခံနည်း
(၄) ရွှေထည်၊ကျောက်ထည်ပန်းထိမ်အပ်နည်း
(၅) ရွှေမှတ်ကျောက်ရည်ခွဲနည်း
(၆) ရွှေအတု၊ အစစ်ခွဲနည်း
(၇) ရွှေချွတ်နည်း (သို့)ရွှေအခေါက်အဖြစ် သန့်စင်နည်း စသည်တို့အပြင် ရွှေဆိုင်ပိုင်ရှင် တစ်ဦးအနေနှင့် သိသင့်သိအပ်သည့် ပြင်ပဗဟုသုတများစွာကိုပါ တစ်လနှင့်အပြတ်စာတွေ့၊ လက်တွေ့သင်ကြားပေးမည်။ သင်တန်း တက်ရောက်ပြီးသူတိုင်း ကျေနပ်တတ်မြောက်စေရမည်။ ရွှေဆိုင်ဖွင့်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးပါမည်။ တစ်ဆင့်ပြန်လည်ရောင်းချလိုသော သင်တန်းသူ/သင်တန်းသားတိုင်းအတွက် ရွှေရည်မီရွှေထည်၊ ကျောက်ထည်ပစ္စည်းများကို ပန်းထိမ်နှုန်းထားအတိုင်း ရောင်းချပေးနေပါပြီ။

သင်တန်းစမည့်ရက် ၁-၆-၂၀၀၄

သင်တန်းချိန် – နံနက် ၁၀း၀၀ မှ ၁၁း၃၀ထိ (သို့)
– ညနေ ၄း၀၀ မှ ၅း၃၀ ထိ
သင်ကြားမည့်ရက် – တနင်္လာနေ့မှသောကြာနေ့ထိ
ဆက်သွယ်ရမည့်လိပ်စာ– သန်းဖြိုးရတနာရွှေဆိုင်နှင့်နာရီစတိုး အမှတ် ၂၆၅၊ ပြည်လမ်းနှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမီးပွိုင့်အနီး

ဖုန်း-၀၉၅၀၁၄၅၀၄၊ ၅၂၅၅၇၉၊ ၇၂၃၂၇၆၊ ၅၀၅၆၃၆

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၆၀၀၂၃ ဆိုင်ကယ်လက်ဝယ်ရှိသူက (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ရွှေ့တန်းရုံး (တာချီလိတ်) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရွှေ့တန်းရုံး(တာချီလိတ်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၄၁၉၇၈၊ ည/၄၅၁၂ အမည်ပေါက်သူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ခရိုင်ရုံး(မအူပင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊(မအူပင်)

၀န်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ခန့်ထားရန်)

၁။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) (ကျား) ၂ ဦး၊ (မ) ၂ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှ ဖြစ်ရမည်။

လိပ်စာ – အမှတ်(၅၁၉/၅၂၀)၊ အဓိပတိလမ်းသွယ်(၁) စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့။
ဖုန်း – ၇၀၆၅၃၃

တာဝန်မယူကြောင်း ကြေညာခြင်း

အောင်လံမြို့ ကန်ကြီးရပ်ကွက် လမ်းမတော်လမ်းနေ ကျွန်တော်၏ ဇနီးဖြစ်သူ မခင်သန်းစော ၈/မထန (နိုင်)၀၀၇၈၄၆ သည် ကျွန်တော်၏ ပြောဆိုဆုံးမသွန်သင်မှုများကို လုံးဝနာခံမှုမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ကျွန်တော်မသိဘဲ ၎င်းပြုလုပ်သည့် ကိစ္စအရပ်ရပ်များနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်မြတ်ကျော်
၈/မထန(နိုင်)၀၁၀၉၃၃
ကန်ကြီးရပ်ကွက်၊ အောင်လံမြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရီ (ကျိုက်လတ်)

အသက် (၈၄) နှစ်

ဦးခင်ဇော် (UNICEF)–ဒေါ်သိန်းသိန်းမြင့်တို့၏မိခင် ဒေါ်ခင်ရီသည် ၂၇-၄-၂၀၀၄ နေ့တွင် U.S.A Los Angelesမြို့၌ ကွယ်လွန်သွားသည်ကို သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ
ရန်ကုန်။

တစ်လပြည့်အလွမ်း

ဒေါ်ခင်ရီ (ကျိုက်လတ်)

အသက် (၈၄)နှစ်

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ရီ U.S.A Los Angelesမြို့၌ ကွယ်လွန်သွားသည်မှာ ၂၇-၅-၂၀၀၄ ရက်နေ့တွင် တစ်လပြည့်ပြီဖြစ်သော်လည်း၊ မေမေ၏ ဂုဏ်ကျေးဇူးကို အောက်မေ့လျက် သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုကုသိုလ်ဒါနများကို မေမေအား အမျှပေးဝေပါသည်။ အမျှ-အမျှ-အမျှ၊ မေမေမြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

သားများ – ဦးခင်ဇော်(UNICEF)ဒေါ်သိန်းသိန်းမြင့်
ဦးခင်မော်–ဒေါ်ကေသီညွန့်
ဦးဌေးနိုင်–ဒေါ်မြင့်မြင့်သန်း
သမီးများ – ဦးစိုးမြင့်–ဒေါ်ခင်အေးမူ
ဒေါ်မိမိခင်
ဒေါက်တာမြင့်စော–ဒေါ်အေးအေးစု
ဦးရေမွန်ကြည်စိုး–ဒေါ်ဖြူဖြူ
မြေးများ – မေသက်ခိုင်၊ ရွှေအိန်နှင်း၊ ဇေယျာစိုး ကျော့မေခိုင်၊ မောင်နေထူး၊ အေးမြသူ၊ ကျော်စည်သူ

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၁၉) ဂရန်မြေကွက်အား ဦးမောင်မော်(ခ) မော်မော် မှတ်ပုံတင်အမှတ်-၁၃/နခန(နိုင်) ၀၀၃၁၂၁မှ အမှုတွဲအမှတ် ၂၂၈/၂၀၀၃-၂၀၀၄ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက် လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက် အကွက်အမှတ် အ-၁၄၊ ဦးပိုင် အမှတ် ၁၈ ဂရန်မြေကွက်အား ဦးစံရှိန်၊ မှတ်ပုံတင်အမှတ်-၉/ မရမ(နိုင်) ၀၂၇၀၄၆မှ အမှုတွဲအမှတ် ၂၃၆၂/၂၀၀၃-၂၀၀၄ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ။

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒေပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး (၁၁)

၂၀၀၂ ခုနှစ်၊ တရာမကြီးမှုအမှတ် -၆၇၉နှင့် ဆက်သွယ်သည့်
၂၀၀၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃၄

ဦးကြည်ထင် နှင့်	ဦးငွေရ
အမှတ် ၇၉၊ (၄) လွှာ	အမှတ် ၇၇၊ သရေခေတ္တရာလမ်း၊
မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊	(၅) ရပ်ကွက်၊
ရန်ကုန်တိုင်း။	တောင်ဥက္ကလာပမြို့နယ်
	ရန်ကုန်တိုင်း။
ဒီကရီအနိုင်ရသူ	**တရားရှုံး**

အထက်ပါအမှုမှ အမှတ် ၇၇၊ သရေခေတ္တရာလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းနေ ဦးငွေရ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၇၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးကြည်ထင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၄ ရက် (၁၃၆၆ ခုနှစ် နယုန်လဆုတ် ၁၂ ရက်) နေ့ မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၄ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်အောင်
တွဲဖက်တိုင်းတရားသူကြီး (၁၁)
ရန်ကုန်တိုင်း၊ တရားရုံး။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီ မိုဟမ္မဒ်ရဖီးက်(ခ) ဟာဂျီ

မောင်မောင်တိုး

အသက်(၆၀)

မန္တလေးမြို့၊ သရဖီပင်လက်ကြားရပ်နေ (ဟာဂျီ ဦးဆွာလေးဟ်အဟ်မဒ်–ဟာဂျီမ ဒေါ်အရှာဘီ)တို့၏သား၊ ရန်ကုန်မြို့နေ (ဟာဂျီ ဦးMAကလာမ်–ဒေါ်တင်ဦး)တို့၏ မောင်၊ မန္တလေးမြို့၊ ၈၃ လမ်းနေ (ဟာဂျီဦးဘလှိုင်)၊ ဟာဂျီဦးဘကြိုင်၊ ၂၆ ဘီလမ်းနေ (ဆရာဦးဘမြိုင်)၊ ဦးတော်တို့၏ညီ၊ (ရှရစ်ဘိုင်)၊ (အဇစ်ဘိုင်)၊ စစ်ကိုင်းမြို့နေ ဒေါ်မြင့်မြင့်သိန်း၊ မန္တလေးမြို့နေ ဟာဂျီမ မမြင့်မြင့်စိမ်းတို့၏ အစ်ကိုသည် ၂၁-၅-၂၀၀၄ ရက် (သောကြာနေ့) နံနက် ၅ နာရီတွင် အလ္လာအရှင်မြတ်၏ အမိန့်တော်ခံယူသွားပါ၍ ၂၁-၅-၂၀၀၄ ရက် (သောကြာနေ့) ဂျွမ္မာနမာဇ် အပြီးတွင် စုရတီဗလီမှ တောင်မြင့်ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးညီညီကျော်(ခ)ဦးညီညီကျော်လတ်(ခ)ညီညီ

(စီးပွားရေး)

B.Econ (Eco)၊ စာရေးဆရာ၊ ဒါရိုက်တာ၊ အယ်ဒီတာ

(ရုပ်ရှင်မဂ္ဂဇင်း၊ ရုပ်ရှင်သတင်းစဉ်ဂျာနယ်၊

မက်သဒစ်ကျောင်းသားဟောင်း

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၈(စီ)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်နေ သွေးသောက်မဂ္ဂဇင်း ဦးပြည့်စုံ-(ဒေါ်ခင်လတ်)တို့၏သားငယ်၊ ဦးကျော်ထွန်းတင်-ဒေါ်ခင်မမကျော်၊ ဦးကိုကိုကျော်-ဒေါ်နန်းခင်သီတာစိုးတို့၏ညီ/မောင်၊ မောင်ဆည်းဆာဟိန်း၊ (မောင်စည်သာဟိန်း)၊ မောင်ဒေဝါဟိန်း၊ မခင်ရတနာသဲတို့၏ဦးလေးသည် ၂၅-၅-၂၀၀၄ရက် နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။ လေထန်ကုန်းမှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရင်ရင်မူ B.A (Geog:)

ကျောင်းအုပ်၊ အမက၊ ချောင်းစောက် (ကျောက်တန်းမြို့)

ရန်ကုန်တက္ကသိုလ် ပြေးခုန်ပစ်လက်ရွေးစင်ဟောင်း

ဖောင်ကြီး ဆရာ/ဆရာမ မွန်းမံသင်တန်းအပတ်စဉ်(၅၀) (C°-၂၃၃)

(အထက-၄၊ အလုံကျောင်းသူဟောင်း)

အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၁)၊ တိုက်အမှတ် ၁၀၉၊ အခန်း ၂ နေ ဦးမောင်မောင် (အင်ဂျင်နီယာဌာန၊ ကပရ)၏ဇနီး၊ ဦးကျော်လှိုင်(ဧရာဝတီ၊ ငြိမ်း)-ဒေါ်မေတို့၏သမီးကြီး၊ (ဦးဟန်-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ မောင်နေရဲနိုင်(တတိယတန်း၊ အလက-၂၊ သုဝဏ္ဏ)၏မိခင်၊ မမြင့်မြင့်ကြည် (လုပ်အားရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ အစ်မသည် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉း၄၅ နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးဇော်ဝင်း (မန်နေဂျာ) အမှတ်(၂)အထပ်သားစက်ရုံ

၂၇-၅-၂၀၀၄

ဘာမျှမကြာသေးမီအချိန်မှာ တစ်နှစ်ဆိုတာ ပြည့်သွားခဲ့ပါပြီ။ နေ့စဉ်ပြုသမျှ ကုသိုလ်ကောင်းမှုများကို ရောက်ရာနေရာကနေပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူဇနီး - ဒေါ်ခင်ဌေးရီနှင့်သားသမီးမြေးများ။

အမည်ပြောင်း

ပခုက္ကူမြို့၊ အမှတ်(၇)ရပ်ကွက်၊ အာဇာနည်လမ်းနေ အဖ ဦးမြဖေ၏ သမီး မဘီ ၇/ပခက(နိုင်)၀၃၀၆၇၉ အား ယနေ့မှစ၍ မမိမိတင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမိမိတင်။**

အမည်ပြောင်း

အဖ ဦးတင်ဝင်းညွန့်၏ သမီး အထက(၃)အင်းစိန် နဝမတန်း(က)မှ မမေပြည့်စုံဝင်းအား ယနေ့မှစ၍ မမေပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။

မမေပြည့်စုံ။

အမည်ပြောင်း

အထက(၄)အလုံ နဝမတန်း(F)မှ အဖ ဦးဝင်းမြင့်အောင်၏သား မောင်တင်ဖုန်းဇော်အား မောင်ထူးမြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထူးမြတ်အောင်။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးမြတ်စိုး (မော်လမြိုင်)

(လက်ထောက်တိုင်းစီမံရေးမန်နေဂျာ၊ ကုန်သွယ်/လယ်ယာ)

(ညောင်လေးပင်)

အသက်(၄၈)နှစ်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းအထက်လမ်းမကြီးနေ ဦးစိုးငြိမ်း-(ဒေါ်မြညွန့်)တို့၏တစ်ဦးတည်းသောသား၊ တောင်ငူမြို့၊ (၂၀)ရပ်ကွက်၊ စက်ရှင်လမ်းနေ (ဆရာကြီး ဦးဘိုးခင်-ဒေါ်မြဖော)တို့၏သားသမက်၊ ဒေါ်လှလှစိုး(တောင်ဝိုင်း၊ အထက၊ မော်လမြိုင်)၏မောင်၊ ဒေါ်မြင့်မြင့်စိုး(သားဖွားဆရာမ)၊ ဒေါ်အေးအေးစိုး(မုပ္ပန်၊ ဖွဲ့နုဆီစက်)တို့၏အစ်ကိုကြီး၊ ဆရာမ ဒေါ်ရီစလင်း (အထက-၆၊ တောင်ငူ)၏ခင်ပွန်း၊ နော်ဝင့်မြတ်ဦး (အထက-၄၊ တောင်ငူ)၊ စောမြင့်မြတ်ကောင်းတို့၏ဖခင်သည် ၂၅-၅-၂၀၀၄ရက် နံနက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၂၇-၅-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ အနောက်ခရစ်ယာန် သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

အထူးနှုန်း

အမှတ် ၂၂၊ ၄၄ လမ်း၊ မြေညီ ၁၂ ပေခွဲ x ပေ ၄၀

ထပ်ခိုးပြည့်၊ ပြင်ပြီး၊ အဲယားကွန်း။

ပိုလ်မှူးအောင်ကျော်လင်း (ငြိမ်း)

စစ်တက္ကသိုလ်အပတ်စဉ်(၂၈)

ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း

အသက်(၄၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၉ လမ်း၊ အမှတ် ၃၁ နေ (ဦးတင်ဦး၊ လ/ထတိုင်းဦးစီးမှူး၊သစ်တော)-ဒေါ်ခင်အေးတို့၏သား၊ သထုံမြို့နေ ဦးခွန်သန်းဖေ-ဒေါ်နန်းသန်းသန်းနွဲ့တို့၏သားသမက်၊ ဦးသိန်းဝင်း(ရေကြောင်းအင်ဂျင်နီယာ)-ဒေါ်ချိုစွမ်း (ကုန်သွယ်/လယ်ယာ)၊ ဦးဇော်ဝင်း(ကြွေ/မြေ)-ဒေါ်ကြည်ကြည်ဆင့်၊ ဦးဝင်းမြင့်ဦး(ရေကြောင်းအင်ဂျင်နီယာ)-ဒေါ်ခင်စောလင်း၊ ဒေါ်ရီရီမြင့်(အထက-၂၊ ဗိုလ်တထောင်)၊ ဒေါ်တင်အေးကြည်(စာရင်းစစ်မှူး၊ စာရင်းစစ်ချုပ်ရုံး)တို့၏မောင်၊ ဦးစိုးပိုင်-ဒေါ်ယဉ်နွယ်ချော၊ မခင်သီတာတို့၏အစ်ကို၊ ဒေါ်နန်းဌေးဌေးဝင်း၏ခင်ပွန်း၊ ဖူးစန္ဒီကျော်(အထက-၂၊ ဗဟန်း)၊ ပွင့်မဉ္ဇူကျော်(အမက-၁၊ ဗဟန်း)တို့၏ဖခင်၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေး၊ ဗိုလ်မှူးအောင်ကျော်လင်း(ငြိမ်း)သည် ၂၆-၅-၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၅၀၊ ရွှေတောင်ကြား၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဝန်ထမ်းအိမ်ရာ၊ အခန်းအမှတ် ၉ နေအိမ်မှ မော်တော်ယာဉ်များ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးအောင်ကျော်လင်း (ငြိမ်း)သည် ၂၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်

ဝန်ထမ်းများ၊

မြန်မာ့ရုပ်ရှင်လုပ်ငန်း။

ဒေါ်တင်တင်

(ပျဉ်းမနား)

ပျဉ်းမနားမြို့နယ်အသင်းဝင်

အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၃ လမ်း၊ အပိုင်း ၅ နေ ဦးမြင့်အောင် (မြို့/ဂျာ စိုက်ပျိုးရေး၊ ငြိမ်း)၏ဇနီး၊ ဦးခင်မောင်ဇော်-ဒေါ်ထားထားမြင့်တို့၏အစ်မကြီး၊ ဦးမြင့်ဦး-ဒေါ်ရွှေရွှေဦး(အထက-၃၊ မရမ်းကုန်း)၊ ဦးမြင့်သိန်း (ဦးစီးအရာရှိ၊ တောင်ငူမြေစာရင်း)-ဒေါ်ဝင်း၊ ဦးမျိုးတင့်-ဒေါ်မြင့်မြင့်မော် (မုန့်ဟင်းခါးဆိုင်)၊ ဦးမြင့်ထွန်း-ဒေါ်နန်းသီတာထွန်း၊ ဦးမြင့်သန်း-ဒေါ်ဆွေဆွေတင့်တို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် အထက်ပါနေအိမ်၌ ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာကြီး ဦးမြင့်စိန်

(မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း)

အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ(ဦးအုန်းဘ-ဒေါ်မြစိန်)တို့၏သား၊ (ဦးဟိန်-ဒေါ်သိန်းတင်)တို့၏သားသမက်၊ ဦးကံညွန့်-(ဒေါ်ခင်ကြည်)၊ (ဦးချစ်လှ)-ဒေါ်ခင်မြိုင်၊ ဦးကျော်စိုးလွင်-(ဒေါ်လှကြည်)-ဒေါ်ကျင်စန်း၊ (ဦးကျော်ဇင်)-ဒေါ်ခင်ခင်နုတို့၏ညီ/မောင်၊ ဦးကျော်လှိုင်-ဒေါ်ခင်ခင်လေး၊ ဦးကုမာရ(ခ)ကျော်ဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ပတ္တမြားလမ်း၊အမှတ် ၅၀ နေ ဒေါ်သန်းသန်းကြူ၏ခင်ပွန်း၊ ဗိုလ်ကြီးရဲမြင့်လွင် (တပ်မတော်ဆေးတက္ကသိုလ်)-ဒေါ်နွဲ့ယဉ်မြင့်၊မဖြူဖြူမြင့်၊ မခိုင်ယဉ်မြင့်၊ မဆုယဉ်မြင့်(ကမ္ဘောဇဘဏ်ရုံးချုပ်)တို့၏ဖခင်၊ မြေးတစ်ယောက်၏အဘိုးသည် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်သန့်ဇင်ထွန်း

အသက်(၃၅)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်း၊ ရွာသစ် ၃ လမ်း၊ အမှတ် ၇၄၅ နေ ဦးစိုးမြင့်-(ဒေါ်တင်တင်ဌေး)တို့၏သား၊ဦးလှဝင်း(ခရိုင်ဦးစီးမှူး၊ငါးလုပ်ငန်းဦးစီး၊ မော်လမြိုင်)-ဒေါ်ဌေးဌေးဝင်း၊ ဦးနေဝင်းဦး-ဒေါ်လှိုင်လှိုင်မော်၊ဦးနေဝင်းထွန်း-ဒေါ်ခင်စောဦး(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့၏ညီ/မောင်၊ ဦးမိုးဇော်ထွန်း-ဒေါ်မြမြထွေးတို့၏အစ်ကို၊ တူ တူမ ငါးယောက်တို့၏ ဦးလေးသည် ၂၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)

ကိုအောင်ကြိုင်

(စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ မြို့တော်စည်ပင်)

အသက်(၃၉)နှစ်

ရန်ကုန်တိုင်း၊အင်းစိန်မြို့၊ဖော့ကန်ရပ်၊ အထက်မင်္ဂလာလမ်း၊ အမှတ် ၁၆၂ နေ ဦးကောင်းမြင့် (ဒု-ကြီးကြပ်ရေးမှူး၊ မြို့တော်စည်ပင်၊ ငြိမ်း) (အသင်းဝင်)၊ ဒေါ်တင်လှိုင် (မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ မကြီးထူးရွာ)တို့၏ သားကြီး ကိုအောင်ကြိုင်သည် ၂၄-၅-၂၀၀၄ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ထိန်ပင်သုသာန်၌သဂြိုဟ်ပြီးဖြစ်ပါကြောင်းအသင်းဝင်များအားအကြောင်းကြားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

လူတိုင်းအတွက် EMPRESS

- အချိုဆုံးအပြုံးရှင် ချိုပြုံးရဲ့ ဒုတိယဘဝ၊ စိုင်းစိုင်းခမ်းလှိုင်နဲ့ ဒိုင်ယာလော့ဂ်၊
- ခင်လေးနွယ်ကို ဘဝအဖော်ကမ်းလှမ်းသူ၊ ချစ်သူရဲ့ ပဥ္စလက်လေး အိုစွမ်းပြည့်၊
- ဂျူလီယာရောဘတ်စ်ရဲ့ လင်းလက်တောက်ပမင်းသမီးဘဝ စတဲ့ ဖတ်ချင်ဖွယ်ဆောင်းပါးများ၊ မောင်လှမျိုး(ချင်းချောင်းခြံ)ရဲ့ ငါမသိတဲ့ ငါ့ရဲ့နောက်ကျောကမျက်နှာ၊ နေနော်ရဲ့ အသည်းတစ်ကွဲစာ၊ မိုးပန်းမွန်(ရာမည)တို့၏ ခံစားမှုဝတ္ထုများနဲ့ ရသကဗျာစုတို့အပြင် မြနှောင်းညို၊ ထီလာစိုးမြင့်ထယ်၊ ဒေါက်တာနိုင်တင်ဂေးလ်၊ အရောင်အသွေးစုံ၊ လစဉ်ပါဝင်နေကျ ကဏ္ဍများအပါအဝင်၊ ခင်လေးနွယ် မျက်နှာဖုံးဖြင့် ...

ဇွန်လထုတ် EMPRESS (ကေရီ) မဂ္ဂဇင်း ဆိုင်ပေါ်ရောက်နေပါပြီ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၇က/၆၃၁၀ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ရန်ကုန်တိုင်း)။

ဦးစန်းမင်းအောင် (မုံရွာ)

(ဆင်မင်းကုန်မျိုးစုံလုပ်ငန်း)

အသက်(၃၄)နှစ်

မုံရွာမြို့၊ ကျောက်ကာလမ်းနေ ဦးမင်းမြင့်-ဒေါ်စန်းစန်းဦး(နှင်းဆီစတိုး)တို့၏သားထွေး၊ဒေါက်တာစိုးမင်းအောင်(မျက်စိအထူးကု)-ဒေါက်တာဒေါ်ကြည်ကြည်ခိုင်၊ ဦးဇော်မင်းအောင်-ဒေါ်ဝင်းမေ၊ ဒေါ်ခင်မိုးဆွေ၊ ဦးစိုးသိန်း-ဒေါ်ခင်ဝင်းကြည်၊ မောင်ကျော်ဇေယျ-မမိုးစန္ဒာဝင်း(သိမ်ကြီးဈေး၊ ဘီရုံ)တို့၏ညီ/မောင်၊ မုံရွာမြို့၊ ဆိုင်းတန်းလမ်းနေ (ဦးသိန်း)-ဒေါ်သိန်းမြတို့၏သားသမက်၊ မကုလားမ(ခ)မစန်းစန်းတင့်၏ခင်ပွန်း၊ မပြည့်ဖြိုးစန်း၊ ကျော့ယမင်းသိန်း၊ မောင်ဝေယံတို့၏ဖခင်သည် ၂၅-၅-၂၀၀၄ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် မုံရွာမြို့၊ ဆိုင်းတန်းလမ်း၊ ဘုရားကြီးရပ်နေအိမ်မှဆားကျင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး ဒေါ်ပြုံး (ဒါးပိန်)

အသက်(၇၆)နှစ်

ဒါးပိန်မြို့နေ(ဦးဘစိန်-ဒေါ်ငွေသင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၆၈/၁၈၈၊ အခန်း ၄၉(တတိယထပ်)၊ ၂၇ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးခင်လှ)၏ဇနီး၊ (ဦးခင်မောင်ဝင်း)-ဒေါ်မေရီ(အမက-၅၊ အင်းစိန်)၊ ဦးအုန်းရွှေ (ဆောက်လုပ်ရေး)-ဒေါ်တင်တင်ဝင်း၊ဦးကျော်ရွှေ(ဌာနခွဲမှူး၊ မြို့ပြ၊မြေယာဌာန၊ မြို့တော်စည်ပင်)-ဒေါ်ခင်ခင်ဝင်း၊ ဦးသိန်းအောင်(ဆောက်လုပ်ရေး)-ဒေါ်အေးအေးသန်း၊ ဦးဇော်မင်း-ဒေါ်သန်းသန်းဝင်းတို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

တော်ကျော်ချမ်း(ခ) ဦးကျောက်ပြား(ခ)ဦးထွန်းတင်

(ဘိုကလေးမြို့)

အသက်(၆၆)နှစ်

ဘိုကလေးမြို့နေ (ဦးအင်းမား-ဒေါ်ရှုလွမ်)တို့၏သား၊ သထုံမြို့နေ (ဦးဂွမ်နား)-ဒေါ်သန်းတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်း၊ အမှတ် ဆ/၃၀၄ နေ ဒေါ်ကျင်အုန်း၏ခင်ပွန်း၊ လိုင်လိုင်း(ခ)ကိုစိုးလှိုင်-မတင်တင်လှိုင်၊ စိမ်စိမ်း(ခ)ကိုသန်းလှိုင်-မခင်ခင်မြိုင် (သရုပ်ပြ၊ မှော်ဘီ GTC)၊ မဥမ္မာ၊ ကိုမိုးကျော်သန်း-မအေးအေးသန်း (လပြည့်ဝန်းဆေးဆိုင်၊ ကလောမြို့)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်မြင့်

အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၃)ရပ်ကွက်၊အမှတ် ၈၀၆၊ကုန်းဘောင်လမ်းနေ(ဦးမောင်စံ-ဒေါ်အုန်းစိန်)တို့၏သမီး၊ (ဦးမောင်ထွန်း)-ဒေါ်ကျင်တို့၏သမီးချွေးမ၊ ဦးမြင့်လွင် (စွမ်းအားဘလောက်တိုက်)၏ဇနီး၊ ကိုသန့်ဇင် (မိုးစံပယ်ဘလောက်တိုက်)-မဝါဝါလွင်၊ ကိုအေးသိုက်-မချိုချိုလွင်၊ မညီညီလွင်တို့၏မိခင်၊ မောင်အောင်ထက်သူ၊ မောင်သော်ထက်တို့၏ အဘွားသည် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း ဒေါက်တာဒေါက်ကလပ်ဒေါ်ဆင်(ခ)

ဒေါက်တာဘိုဘို

(မြို့နယ်ကျန်းမာရေးအရာရှိ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မှော်ဘီမြို့နယ်)

အသက်(၅၃)နှစ်

ဦးဒေါ်ဆင်-ဒေါ်စီစီလျားတို့၏သား၊ U Cyril၊ Daw Jone၊ Daw Jean၊ Daw Mary၊ ဒေါ်စီစီလျား၊ U Bertram၊ U Benji၊ U James တို့၏ညီ/အစ်ကို၊ ရန်ကုန်-ပြည်လမ်း အခြေစိုက်စခန်း၊ ကုလားကုန်းကျေးရွာအနီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဝန်း၊ ၃၇/၁ မိုင်နေ ဒေါက်တာလှလှဝင်း (Julie)၏ခင်ပွန်း၊ Br. Paulinus မြတ်ကြိုင်၊ မောင်သန်းတိုး-မမြတ်မာလာ(မော်နီ)၊ မခိုင်ခိုင်သင်း(မာရီ)၊ မောင်သက်ထွန်းအားဂူ (ဂရေဂေါ်ရီ)၊ မောင်မြတ်ကိုလင်း(အန်ထော်နီ)၊ မောင်ကြည်ချစ်ကို(ဖိလစ်)၊ မောင်ခင်ကျော်ငြိမ်း(ချာလီ)တို့၏ဖခင်၊ Francis ၏အဘိုးသည် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် မှော်ဘီမြို့ ရွှေနုလုံးတော်ကက်သလစ်ဘုရားရှိခိုးကျောင်းတွင်ဝတ်ပြုဆုတောင်းပြီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

အမေညွန့် (ပျဉ်းမနား)

အသက်(၉၂)နှစ်

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ၄ လမ်း၊ အမှတ် ၆၇၈၊ ဣန္ဒာသယမြနန်းနေ အမေညွန့်သည် ၂၅-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ပျဉ်းမနားမြို့ မြို့မသုသာန်၌သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကြည်

ကုန်းလမ်းပို့ဆောင်ရေး(ငြိမ်း)

အသက်(၇၀)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ဆ/၂၀၄၊ သုနန္ဒာ ၁၁ လမ်းနေ(ဦးသာဂေါက်-ဒေါ်သိန်း)တို့၏သားကြီး၊ ဒေါ်ကျင်ထွေး၏ ခင်ပွန်း၊ ဦးသန်းမြင့်-ဒေါ်ခင်စန်းရီ၊ ဦးမြင့်-ဒေါ်နု၊ ဦးလှဝေ-(ဒေါ်မြစိန်)တို့၏အစ်ကိုကြီး၊ ဦးဝင်းမြင့်(စား/ဖျော်၊ငြိမ်း)-ဒေါ်စောစန္ဒာလှိုင်၊ဦးမြင့်စိန်(လက်ပံတန်းမြို့နယ်)-ဒေါ်မြင့်မြင့်သန်း (MEPE၊ ရုံးချုပ်)၊ ဦးသန့်ဇင်-ဒေါ်မေသက်နိုင်၊ ဦးကျော်နိုင်-ဒေါ်သီသီမော်၊ ဒေါ်တင်တင်မော်(MEPE၊ ရုံးချုပ်)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၆-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၀၄ရက် (သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်ကြင်ရှိန်(ခ)ဒေါ်ရှိန်လေး

(အိမ်မဲမြို့)

အသက်(၅၇)နှစ်

ဧရာဝတီတိုင်း၊ အိမ်မဲမြို့နေ (ဦးမြသန်း-ဒေါ်ကြင်အေး)တို့၏သမီး၊ ဦးဌေးဝင်း၏ဇနီး၊ အိမ်မဲမြို့နေ ဦးခင်ကြည်၊ ဒေါ်သင်းကြည်တို့၏ညီမ၊ မကျော့လင်းသူဇာ၊ မကျော့လင်းစန္ဒာတို့၏ မိခင်၊ မရှိန်းမြသော်၊ မောင်ဖိုးလပြည့်တို့၏ အဘွား၊ ရန်ကုန်မြို့ စံပြ ဖဆပလ ရပ်ကွက်၊ တိုက်အမှတ် ၅၇၊ အခန်း ၁၈ နေ ဒေါ်ကြင်စိန်(ခ)ဒေါ်ရှိန်လေးသည် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမ

ဒေါ်ကြည်ကြည်ဝင်း(ခ) ဒေါ်သေးသေး

B.Sc (Zool)

အသက်(၅၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈ လမ်း၊ အမှတ် ၁၈ (မြေညီထပ်)နေ (ဦးချောင်ဟင်း) - ဒေါ်ကျင်နုတို့၏ တတိယသမီး၊ ဒေါ်ရှုဟုန်-ဦးအောင်ရဲထွင်၊ ဦးသန့်ဇင်-ဒေါ်အေးအေးတို့၏ ညီမ၊ ဒေါ်တင်အေး-ဦးကျော်ဖေ၊ ဦးဘိုကြီး-ဒေါ်စန်းကြည်တို့၏ အစ်မသည် ၂၅-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒု-တပ်ကြပ် အောင်စိုး

တပ်မတော်(ရေ)

အသက်(၃၂)နှစ်

ရေဦးမြို့၊ အမှတ် ၈ လမ်း၊ အောင်ဆန်းရပ်နေ ဦးသန်းလွင်-ဒေါ်ခင်ညွန့်တို့၏သား၊ ဗိုလ်မှူးကြီးအောင်ဝင်း-ဒေါ်မူမူတင်၊ဦးကျော်ကျော်၊ ဦးမျိုးဇော်-ဒေါ်ဥမ္မာခင်တို့၏ညီ၊ ရေဦးမြို့နေ ဒေါ်ခင်မာလွင်၊ ဒေါ်သန်းသန်းရီ၊ ဒေါ်သီတာလွင်၊ ဒေါ်နီလာဝင်း-ဦးဝင်းလွင်၊ မစန္ဒာဝင်းတို့၏မောင်/အစ်ကိုသည် ၂၃-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ထားဝယ်မြို့၌ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက်တွင် ထားဝယ်မြို့ ကံပေါက်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အုံးရင်

ဘားအံမြို့(နောင်တုတ်ရွာ)

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ် ၂၃ နေ (ဦးပန်းရောင်-ဒေါ်နန်းအီနွဲ့)တို့၏သမီး၊ ဦးကျော်ဝင်း၏ဇနီး၊ ဦးဝင်းကျော်-ဒေါ်ခင်ခင်စော၊ ဦးမြကြည်-(ဒေါ်မြင့်မြင့်မော်)၊ (ဗိုလ်သိန်းကျော်)၊ အမှတ် ၂၁၄၊ ဘုရားလမ်း၊ အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့နေ ဦးဘိုနီ(ခ)ဦးမျိုးသန့်-ဒေါ်မင်းမင်းထွန်း(ခ)မချောတို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် အထက်ပါနေအိမ်၌ ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင် (သနပ်ပြင်)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၇၊ ခွန်နီလမ်း၊ (၂၉)ရပ်ကွက်လုံးချင်း၊သုဝဏ္ဏနေ(ဦးချစ်ဖူး-ဒေါ်ငွေမှိန်)တို့၏သမီး၊ (ဦးတင်ဦး)၏ဇနီး၊(ဦးဘကျော်-ဒေါ်သိန်း)၊ (ဦးဘ-ဒေါ်သိန်းမြင့်)၊(ဦးကျော်လှိုင်-ဒေါ်သန်း)၊ (ဦးကျော်ရင်-ဒေါ်တင်)တို့၏ညီမ၊ ဦးစိုးကြည်-ဒေါ်စန်းစန်းဦး၊ ဦးမြကြူ၊ ဦးအောင်မြ-ဒေါ်မိမိစိန်၊ ဒေါ်စုစုလွင်တို့၏မိခင်၊ ကိုဖြိုးဇင်ဦး-မခင်မြတ်လင်း၊ မဇင်မော်လွင်၊ ကိုကျော်လွင်ဦး၊ မောင်အောင်နိုင်ထွန်းတို့၏ အဘွားသည် အထက်ပါနေအိမ်၌ ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မမလေး

(မဲတီးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၉၆၃ နေ (ဦးတိုင်-ဒေါ်ရွှေအပ်)တို့၏သမီး၊ ဦးထွန်းတင်(C.D.C-2824)၏ဇနီး၊ ဦးသိန်းထွန်း(နဝရတ်ဆေးကုခန်း)-ဒေါ်မြင့်မြင့်(အထက-၄၊ သာကေတ)၊ ဦးအောင်စည်(သ/မဦးစီ၊ ငြိမ်း)-ဒေါ်အုန်းကြည်(အမက-၄၊ တ/ဥက္ကလာပ)၊ ဦးခင်မောင်လွင်(ကပရ)-ဒေါ်လှနုကြည်၊ ဦးသာဂဒိုး (မြန်မာ့ရေနံ၊ သာကြီးတောင်)-ဒေါ်တင်တင်မြင့်(အလပြ၊ငြိမ်း၊ မြန်အောင်မြို့)၊ ဦးသောင်းစိန်-ဒေါ်ချိုချိုဝင်း(အလက-၆၊ မ/ဥက္ကလာပ)၊ ဒေါ်ခင်ခင်အေး(မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၂)တို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၂း၀၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဲအုပ်ကျော်ဆွေ

လ-၇၂၆၅၈

(ဒုရဲအုပ်လောင်းသင်တန်း၊အမှတ်စဉ်-၁၂)

(မှုခင်းတပ်ဖွဲ့၊ အင်းစိန်)

အသက်(၅၃)နှစ်

ရေဦးမြို့၊ အောင်မင်္ဂလာရပ်နေ (ဦးသန်းမောင်-ဒေါ်မလေး)တို့၏သား၊ ကလေးမြို့နေ(ဦးအောင်ချစ်-ဒေါ်မြစိန်)တို့၏သားသမက်၊ ဒေါ်နုနုရီ၏မောင်၊ ဦးထွန်းသိန်း-ဒေါ်မာမာရီ၊ မသောင်းကြွယ်၊ မစန်းယဉ်၊ ဒုရဲမှူးမောင်မောင်မြင့်-ဒေါ်မြင့်ကြည်တို့၏အစ်ကို၊ မောင်ဇာနည်ရဲဆွေ (ဒုတိယနှစ်၊ စီးပွားရေး)၊ မောင်အက်စတာရဲဆွေ (တတိယနှစ်၊ ရူပဗေဒ)၊ မမေငြိမ်းအေး(ဒုတိယနှစ်၊ သင်္ချာ)တို့၏ဖခင်၊ ဒေါ်ခင်နု၏ခင်ပွန်းသည် ၂၅-၅-၂၀၀၄ရက် ညနေ ၄း၅၅ နာရီတွင် အင်းစိန်မြို့နယ် မှုခင်းတပ်ဖွဲ့(ပင်မဝင်း)၊ ၂ လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)၏ နွေရာသီ ဓမ္မာစရိယသင်တန်းဆင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)၏ဆဋ္ဌမအကြိမ် နွေရာသီ ဓမ္မာစရိယသင်တန်းဆင်းပွဲအခမ်းအနားတွင် အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၂၆

အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် နွေရာသီ ဓမ္မာစရိယသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်) ဗောဓိသုခကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသ၊ အလိုတော်ပြည့်ဓမ္မာစရိယ တက္ကသိုလ်နာယကချုပ် ဓမ္မာစရိယ သင်တန်းနည်းပြဆရာတော်(သစအ) အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ ဓမ္မာစရိယ သင်တန်းသား သံဃာတော်များနှင့် သင်တန်းသူ သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလိုတော်ပြည့် *စာမျက်နှာ ၃ ကော်လံ ၁* ❐

ဆွေးနွေးမှာကြား

မေ ၂၆ ရက်က အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးမှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးနှင့် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကိစ္စနှင့် အခြားလုံခြုံရေးကိစ္စ၊ အုပ်ချုပ်မှုကိစ္စများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးမှာကြားစဉ်။ (သတင်း-ရွှေဖုံး)(သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့များ အစည်းအဝေးကျင်းပ ကဏ္ဍအလိုက် အကြံပြုစာတမ်းများပြုစုရေးသား တင်သွင်းသောစာတမ်းများ ဖတ်ကြားဆွေးနွေး

ရန်ကုန် မေ ၂၆

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ ဖြစ်ကြသည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏အစည်းအဝေးများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ■

ရေးသားပြုစု

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ အဖွဲ့ငယ်လိုက် အကြံပြုစာတမ်းများ ရေးသားပြုစုကြစဉ်။ (သတင်းစဉ်)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ယနေ့ထုတ်
စောင်ရေ
၂၀၀၇၄၇

လက်တွဲဝန်းရံ အမျိုးသားညီလာခံ